မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်၊ ၂၀၀၆ ခုနှစ်၊ ဩဂုတ် ၁၂ ရက်၊ စနေနေ့၊ အတွဲ (၄၅)၊ အမှတ် (၁၁၃)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကိုလံဘီယာသမ္မတထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၁၁

ကိုလံဘီယာသမ္မတနိုင်ငံ သမ္မတ မစ္စတာအယ်လ်ဗာရိုအူရီဘေးဗီလေးအား ဒုတိယသက်တမ်းသမ္မတရာထူးအပ်နှင်းပွဲကို ၂၀၀၆ခုနှစ် ဩဂုတ်၇ရက်တွင် ကျင်းပခဲ့ခြင်းနှင့်ပတ်သက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့ခဲ့သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး **Honourable Alberto G. Romulo** နှင့်အဖွဲ့အား နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မြန်မာနိုင်ငံတွင် ရောက်ရှိနေသော ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး Honourable Alberto G. Romulo နှင့်အဖွဲ့အား ယနေ့နံနက် ၁၀နာရီက နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး ကျော်ကျော်ဝင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြပြီး ဧည့်သည်တော် ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး Honourable Alberto G. Romulo နှင့် အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mme Phoebe A. Gomez လည်း တက်ရောက်သည်။ **(သတင်းစဉ်)**

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်)

သီးနှံများ လျာထားချက်ပြည့်မီကျော်လွန်ရေး ကြိုးပမ်းစိုက်ပျိုး

စိုက်ပျိုးရေးကို အခြေခံသည့် မြန်မာနိုင်ငံ၏ အဓိကစီးပွားရေးသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ လယ်ယာကဏ္ဍ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရန် နှစ်စဉ်စီမံကိန်းနှင့် နှစ်တို၊ နှစ်ရှည်စီမံကိန်း ရည်မှန်းချက်များ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

ဧရာဝတီတိုင်းတွင် ၂၀၀၆–၂၀၀၇ ခုနှစ်၌ မိုးစပါးဧက ၃၇သိန်း၊ နွေစပါး ဧက ၁၆ သိန်း၊ ပဲမျိုးစုံ ဧက ၁၆ သိန်း၊ ဆီထွက်သီးနှံဧက ငါးသိန်းနီးပါးရရှိအောင် စိုက်ပျိုးလျက်ရှိရာ ဩဂုတ်လ ၉ရက်နေ့တွင် မိုးစပါး ရေတော်မိုးတော် စိုက်ပျိုးမှုအတွက် ကွင်းပိတ်နိုင်ခဲ့ပြီဖြစ်သကဲ့သို့ ကျန်သည့် မိုးစပါးနှင့် ပဲမျိုးစုံ၊ ဆီထွက်သီးနှံများကိုလည်း ရည်မှန်းချက်ပြည့်မီအောင် စိုက်ပျိုးလျက်ရှိသည်။

ဧရာဝတီတိုင်းအနေဖြင့် မိုးစပါးကို ၂၀၀၄–၂၀၀၅ ခုနှစ်တွင် ဧက ၃၅သိန်း၊ ၂၀၀၅–၂၀၀၆ ခုနှစ်တွင် ဧက၃၆ သိန်းအထိ တစ်နှစ်ပြီးတစ်နှစ် တိုးချဲ့စိုက်ပျိုးလာနိုင်ခဲ့ပြီး ယခုနှစ် ၂၀၀၆–၂၀၀၇ ခုနှစ်တွင် ဧက ၃၇ သိန်းအထိ တိုးတက်စိုက်ပျိုးရန် လျာထားခဲ့သည့်အနက် ယခုအခါ ဧက၃၄ သိန်းကျော်ကို စိုက်ပျိုးပြီးဖြစ်သည်။

နိုင်ငံတော်၏ စပါးကျီဖြစ်သည်နှင့်အညီ ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးအတွက် အစီအမံများ၊ လယ်ယာမြေဖော်ထုတ်ရေးအစီအမံများကို စီမံဆောင်ရွက် ပေးခြင်းအားဖြင့် နိုင်ငံတော်၏ စပါးကျီအဖြစ် ရေရှည်တည်တံ့စေရန် ဆက်လက်ထိန်းသိမ်း သွားကြရမည်ဖြစ်သည်။

တိုင်းအတွင်း စပါးအပြင် ပြည်တွင်းပြည်ပဈေးကွက်ရှိပြီး ဈေးကောင်းရနေသည့် ရော်ဘာကိုလည်း တိုးချဲ့စိုက်ပျိုးရန် စည်းရုံးပညာပေးခြင်း၊ ပံ့ပိုးကူညီမှုပေးခြင်းတို့ဖြင့် ရော်ဘာတိုးချဲ့စိုက်ပျိုးရေးအတွက် လျာထားချက်များပြည့်မီစေရန် အစီအမံများ စနစ်တကျချမှတ် ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုပေသည်။

လူသားများ၏ အာဟာရဖြစ်သည့် စားသုံးသီးပင်များသာမက စက်များအတွက် ဇီဝလောင်စာဆီအဖြစ် ခြံစည်းရိုးကြက်ဆူပင်ကို နိုင်ငံတော်၏ဒေသအနှံ့ စိုက်ပျိုးလျက်ရှိကြသကဲ့သို့ ဧရာဝတီတိုင်းအနေဖြင့်လည်း တစ်နိုင်တစ်ပိုင်မှသည် တစ်အုပ်တစ်မအထိ ရည်မှန်းချက်အတိုင်း အောင်မြင်မှုရရှိစေရန် စိုက်ပျိုးလျက်ရှိသည်။

နိုင်ငံတော်က ချမှတ်ပေးထားသည့် သီးနှံအလိုက် အထွက်နှုန်းတိုးရေး၊ ပန်းတိုင်ရည်မှန်းချက်များ အောင်မြင်ရေးအတွက် စနစ်တကျ စီမံကိန်းချမှတ်ပြီး အကောင်အထည် ဖော်ရန်လိုပေသည်။

တောင်သူလယ်သမားများနှင့် ပြည်သူများအား ဌာနဆိုင်ရာဝန်ထမ်းများက နည်းပညာများ၊ မျိုးကောင်းမျိုးသန့်များ ဖြန့်ဝေပညာပေးစည်းရုံး ဆောင်ရွက်ကြပြီး စိုက်ပျိုးရေးလုပ်ငန်းများ၊ ကုန်ထုတ်လုပ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ဖြည့်ဆည်း၊ ပံ့ပိုးဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

တောင်သူလယ်သမားများကလည်း တိုးတက်ပြောင်းလဲနေသည့် စိုက်ပျိုးရေးနည်းပညာများ ကို လေ့လာမှတ်သားပြီး ယုံကြည်စွာ လက်တွေ့လုပ်ကိုင် ဆောင်ရွက်ကြခြင်းဖြင့် သီးနှံများကို လျာထားချက်ပြည့်မီကျော်လွန်ရေး ကြိုးပမ်းစိုက်ပျိုး ထုတ်လုပ်သွားကြရမည်ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

လျှပ်စစ်ဓာတ်အား ပြည်သူများလက်ဝယ် အပြည့်အဝရောက်ရှိရေး ဓာတ်အားစနစ် ပိုမိုကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက် လုပ်ငန်းရှင်များနှင့်ပြည်သူပူးပေါင်း လျှပ်စစ်ကဏ္ဍပိုမိုမြင့်တင်

ရန်ကုန် ဩဂုတ် ၁၁

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ဒုတိယအင်ဂျင်နီယာချုပ်များ၊ တိုင်းလျှပ်စစ်အင်ဂျင်နီယာနှင့် တာဝန်ရှိသူများလိုက်ပါလျက် မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်ရှိ ၁၃၂–ကေဗွီ တံခွန်တိုင် ဓာတ်အားခွဲရုံသို့ရောက်ရှိလာရာ ဓာတ်အားခွဲရုံဧည့်ခန်းမ၌ ဓာတ်အားခွဲရုံမှူး ဦးဝင်းမောင်က မဟာဓာတ်အားလိုင်းစနစ်မှ ဓာတ်အားလက်ခံရရှိမှု၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် စစ်ကိုင်းမြို့အနီးရှိ စက်မှုဇုန်သို့ ဓာတ်အားပြန်လည်ဖြန့်ဖြူးပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ပြည်ကြီးတံခွန်မြို့နယ် အမှတ်(၁) ၃၃–ကေဗွီ ဓာတ်အားခွဲရုံသို့ ရောက်ရှိလာရာ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးမျိုးမင်းက စက်မှုဇုန်သို့၃၃/၁၁ ကေဗွီ(၁၀အမ်ဗွီအေ) ထရန်စဖော်မာနှစ်လုံးမှ ဓာတ်အားလိုင်း ကိုးလိုင်းဖြင့်ခွဲဝေ၍ ဓာတ်အားဖြန့်ဖြူးပေးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ပြည်ကြီးတံခွန်မြို့နယ် စက်မှုဇုန်ရှိ ကနောင်ခန်းမသို့ ရောက်ရှိလာရာ စက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီ အတွင်းရေးမှူး ဗိုလ်မှူးမြင့်သိန်းက စက်မှုဇုန်ပေါ်ပေါက်လာပုံနှင့် စက်မှုဇုန်အတွင်း လျှပ်စစ်ဓာတ်အား ရရှိမှုအခြေအနေတို့ကိုလည်းကောင်း၊ စက်မှုလုပ်ငန်းရှင်များကိုယ်စား ဦးအောင်နိုင်ဦးက စက်မှုဇုန်အတွင်း လျှပ်စစ်ဓာတ်အားထားရှိမှု အခြေအနေများနှင့် ဓာတ်အားပိုမိုပြည့်ဝစွာ ရရှိနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေများကိုလည်းကောင်း၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေး စီမံကိန်းညွှန်ကြားရေးမှူး ဦးတင်ရွှေက မန္တလေးမြို့သို့ အဓိကဓာတ်အားလိုင်းကြီးသုံးလိုင်းဖြင့် ဓာတ်အားပို့လွှတ်ထားကြောင်း၊ ရွှေလီလျှပ်စစ်စီမံကိန်းမှ ထွက်ရှိလာမည့် ဓာတ်အားကို ၂၃၀–ကေဗွီ မဟာဓာတ်အားလိုင်းကြီးဖြင့် မန္တလေးမြို့သို့ ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်ရန် တည်ဆောက်လျက်ရှိရာ မကြာမီကာလအတွင်း တည်ဆောက်ပြီးစီးမည်ဖြစ်ကြောင်း၊ မန္တလေးစက်မှုဇုန်သို့လည်း ကင်းတား–အောင်ပင်လယ်လိုင်းမှဖြတ်ပြီး ၁၃၂/၃၃ ကေဗွီ(၁၅အမ်ဗွီအေ) ထရန်စဖော်မာတစ်လုံး ထပ်မံတိုးချဲ့၍ ဓာတ်အားလိုင်းသုံးလိုင်းဖြင့် ဓာတ်အားပို့လွှတ်ပြီး ဖြစ်ကြောင်း၊ အောင်ပင်လယ်ခွဲရုံတွင်လည်း ထရန်စဖော်မာတိုးချဲ့၍ မန္တလေးမြို့သို့ ဓာတ်အားပို့လွှတ်နိုင်ရန် စီစဉ်လျက်ရှိကြောင်းကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဓာတ်အားပို့လွှတ်

ဆက်လက်၍ တိုင်းလျှပ်စစ်အင်ဂျင်နီယာ ဦးကျော်သောင်းက မန္တလေးမြို့ပေါ်နှင့် စက်မှုဇုန်များကို ဓာတ်အားမျှတစွာသုံးစွဲနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ စက်မှုဇုန်ကို ၂၄နာရီ ဓာတ်အားအပြည့်အဝရရှိနိုင်ရန်အတွက် ၁၃၂/၃၃ကေဗွီ(၁၅အမ်ဗွီအေ)ထရန်စဖော်မာနှင့် ၃၃/၁၁ကေဗွီ(၅အမ်ဗွီအေ) ဓာတ်အားခွဲရုံတို့ကို တည်ဆောက်ပြီး ဓာတ်အားပို့လွှတ်ပေးခဲ့ကြောင်း ရှင်းလင်းပြသသည်။

ကြိုးပမ်းဆောင်ရွက်

ယင်းနောက် ဝန်ကြီးက လျှပ်စစ်ဓာတ်အားကို ပြည်သူများလက်ဝယ်သို့ အပြည့်အဝ ရောက်ရှိနိုင်ရန်အတွက် ဓာတ်အားစနစ်ကို ပိုမိုကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်ငန်းရှင်များ နှင့်ပြည်သူများက ပူးပေါင်းပါဝင်ပြီး လျှပ်စစ်ကဏ္ဍကိုပိုမိုမြင့်တင်သွားကြရန်လိုကြောင်း၊ ပြည်သူများဘက်မှလည်း လျှပ်စစ်ဓာတ်အားကို မှန်မှန်ကန်ကန် လေလွင့်မှုမရှိအောင် အသုံးချရန်လိုကြောင်းဖြင့် ပြောကြားသည်။ **(သတင်းစဉ်)**

မြောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီးကြပ်ရေးအဖွဲ့ကြီးမှူး စက်ချုပ်သင်တန်းဖွင့်၊ အသင်းဝင်အဆိုပြုလွှာပေးအပ်

ရန်ကုန် ဩဂုတ် ၁၁

ရန်ကုန်မြောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးဖွင့်လှစ်သည့် စက်ချုပ်သင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်၉နာရီက ရန်ကုန် မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေ တက်ရောက်၍ အမှာစကားပြောကြားသည်။

အထောက်အကူပြုပစ္စည်းပေးအပ်

ထို့နောက် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက ရန်ကုန် မြောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စောရွှေထံမှ ရာသက်ပန်အသင်းဝင် အဆိုပြုလွှာစောင်ရေ ၂၅၀၀ကို လက်ခံပြီး **(အပေါ်ပုံ)** ရွှေပြည်သာမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်မိုးမိုးထံသို့ စက်ချုပ်သင်တန်းဆိုင်ရာသင်ကြားမှုအထောက်အကူပြုပစ္စည်းများကို ပေးအပ်သည်။

ယင်းနောက် ရန်ကုန်မြောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုအားပေး

အခမ်းအနားအပြီးတွင် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် စက်ချုပ်သင်တန်းကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ သင်တန်းကို သင်တန်းသူ ၂၁ဦးဖြင့် ယနေ့မှ စက်တင်ဘာ ၉ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်သည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၁၂–၈–၂၀၀၆ (စနေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
- ၇း၁၅ ၄။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
- ၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၀ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ ဆရာတော် ဦးဃောသိတ တရားတော် **“ဘူတံဘူတတောပဿတိ”**

နေ့လယ်ပိုင်း

- ၁၂း၀၀ ၁။ မြဝတီအဖွင့်
- ၁၂း၀၅ ၂။ အဖွင့်သီချင်း
- ၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၂း၂၀ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၁၂း၃၀ ၅။ ရုပ်မြင်သံကြားဇာတ်လမ်း **“ငှက်တစ်ကောင်ပျံသန်းရာ”** (ဒွေး၊ စိုးမြတ်သူဇာ)
- ၁၃း၅၀ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ ချစ်သူစုံတွဲ တူယှဉ်နွဲ
- ၄း၁၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄း၃၅ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
- ၄း၄၅ ၆။ မျိုးချစ်တပ်မတော်
- ၅း၀၀ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၅း၁၀ ၈။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
- ၅း၄၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၂။ မိုးလေဝသသတင်း
- ၆း၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆း၃၀ ၁၄။ အံ့ဩဖွယ်ရာဆပ်ကပ်ပညာ
- ၆း၄၀ ၁၅။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“သံယောဇဉ်”** (အပိုင်း–၆)
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ရွှေမင်းသမီး”** (အပိုင်း–၁)

မော်လမြိုင်–နေပြည်တော် မော်တော်ယာဉ်လိုင်းသစ်ဖွင့်လှစ် မှန်လုံယာဉ်လေးစီးဖြင့် နေ့စဉ် ညနေ ၅ နာရီ၌ ပြေးဆွဲ

နေပြည်တော် ဩဂုတ် ၁၁

မော်လမြိုင်–နေပြည်တော် မော်တော်ယာဉ်လိုင်းသစ်ဖွင့်ပွဲကို ဩဂုတ် ၂ ရက် နံနက် ၈နာရီက မော်လမြိုင်မြို့ အဝေးပြေးယာဉ်ရပ်နားစခန်းဝင်း၌ ကျင်းပရာ အခမ်းအနားသို့ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းနှင့် ဇနီး၊ ဒုတိယတိုင်းမှူးဗိုလ်မှူးကြီးဇော်မင်း နှင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ခရီးသွားပြည်သူများ၊ ဖိတ်ကြားထားသူများ တက်ရောက် ကြသည်။

ရှင်းလင်းတင်ပြ

အစီအစဉ်အရ ရှေးဦးစွာ ပို့ဆောင်ရေးစီမံကိန်း ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးခင်မောင်မြင့်က မော်လမြိုင်–နေပြည်တော် မော်တော်ယာဉ်လိုင်းသစ် ဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ရာဇာမင်း ခရီးသည်ပို့ဆောင်ရေးမော်တော်ယာဉ်လိုင်းဥက္ကဋ္ဌ ဦးညီညီထွေးက ဖွင့်ပွဲအထိမ်းအမှတ် အလံငယ်ကို တိုင်းမှူး ဗိုလ်မှူးချုပ် သက်နိုင်ဝင်းထံ ပေးအပ်သည်။

ဖဲကြိုးဖြတ်ဖွင့်

ဆက်လက်၍ မော်လမြိုင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တင်အောင်၊ ပို့ဆောင်ရေးစီမံကိန်း ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးခင်မောင်မြင့်၊ ရာဇာမင်း ခရီးသည်ပို့ဆောင်ရေး မော်တော်ယာဉ်လိုင်း ဥက္ကဋ္ဌ ဦးညီညီထွေးတို့က မော်လမြိုင်–နေပြည်တော် မော်တော်ယာဉ် လိုင်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မော်လမြိုင်–နေပြည်တော် မော်တော်ယာဉ်များဖြင့် လိုက်ပါမည့် ခရီးသည်များအား လိုက်လံနှုတ်ဆက်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တိုးချဲ့ပြေးဆွဲသွားမည်

အဆိုပါ ခရီးစဉ်တွင် မော်လမြိုင်မှ နေပြည်တော်သို့ ညနေ ၅ နာရီတွင် မှန်လုံမော်တော်ယာဉ် လေးစီးနှင့် နေပြည်တော်မှ မော်လမြိုင်သို့ ညနေ ၅ နာရီတွင် မှန်လုံမော်တော်ယာဉ် လေးစီးဖြင့် နေ့စဉ်ပြေးဆွဲသွားမည် ဖြစ်ပြီး ခရီးသွားပြည်သူများအပေါ် မူတည်၍ မှန်လုံယာဉ်များ တိုးချဲ့ပြေးဆွဲသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၁၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်

၁။ မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန် ထက်မြက်မြင့်မားရန်၊

၂။ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်၊

၃။ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာ စစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရန်၊

၄။ မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းရန်၊

၅။ လူငယ်ထု၏စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဖြစ်ထွန်းရန်၊

၆။ တိုင်းတစ်ပါး ယဉ်ကျေးမှုလွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်၊

၇။ စစ်မှန်သော ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ပိုမိုရှင်သန် ခိုင်မာစေရန်။

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်း အတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၆ ခုနှစ် ဩဂုတ်လအတွက်

(၁၃–၈–၂၀၀၆)ရက်နေ့

နှင့်

(၂၇–၈–၂၀၀၆)ရက်နေ့

၂၀၀၆ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အတီးပြိုင်ပွဲဝင်များလေ့လာရန် သတ်မှတ်သော သီချင်းများ

ယမန်နေ့ကအဆက်

ပတ္တလား

၁။ **ပညာရှင်**

(က) စုံသာမြိုင်လယ် (သီချင်းခံ)
(ခ) အာကာယံထဲ (ပတ်ပျိုး)
(ဂ) ပန်းမြိုင်လယ် (ယိုးဒယား)
(ဃ) အောင်မင်္ဂလာ (ယိုးဒယား)
(င) ထောင်ရောင်နေကသာ (သီချင်းခံ)
(စ) ကြောက်ဖွယ့်ဘုန်းတန်း (ကြိုး)
(ဆ) မှိုင်းပြာမှုန်ဝေ (ပတ်ပျိုး)
(ဇ) ညင်းညင်း (မွန်)

၂။ **ဝါသနာရှင်အဆင့်**

(က) ခိုင်ပန်းစုံ (ယိုးဒယား)
(ခ) ဆဒ္ဒန်အိုင်သာ (သီချင်းခံ)
(ဂ) ယမုန်နာ (ပတ်ပျိုး)

၃။ **အဆင့်မြင့်ပညာအဆင့်**

(က) တောဟောဝန်လယ် (ယိုးဒယား)
(ခ) မြန်ခန်းကျွန်းတွင်း (ကြိုး)
(ဂ) လူမနော (ပတ်ပျိုး)

၄။ **အခြေခံပညာ(၁၅–၂၀)အဆင့်**

(က) လွမ်းမိုးအောင် (ယိုးဒယား)
(ခ) နှစ်ကိုယ်သစ္စာ (ပတ်ပျိုး)
(ဂ) စောင်းတော်သိင်္ဂါ (ကြိုး)

၅။ **အခြေခံပညာ(၁၀–၁၅)အဆင့်**

(က) ဂန္ဓာမာတောင် (ဘွဲ့)
(ခ) ရွှန်းရွှန်းမြ (သီချင်းခံ)
(ဂ) ဟောမန်ဗွေဟန် (ပတ်ပျိုး)

၆။ **အခြေခံပညာ(၅–၁၀)အဆင့်**

(က) ဝေဘာဂီရိ (ကြိုး)
(ခ) စံရာတောင်ကျွန်း (ကြိုး)
(ဂ) စိမ်းလဲ့လဲ့ညိုပြာ (ကြိုး)

နှဲ

၁။ **ပညာရှင်အဆင့်**

(က) စိန်ကြယ်ညီးလင်း (မွန်)
(ခ) သိင်္ဂါရွှေရောင် (ပတ်ပျိုး)
(ဂ) တောင်ဇမ္ဗူပိုင် (ယိုးဒယား)
(ဃ) ဇမ္ဗူကျွန်းလုံး (သီချင်းခံ)
(င) အောင်မြေသာစံ (ပတ်ပျိုး)
(စ) မဲဇာတောင်ခြေ (ပတ်ပျိုး)
(ဆ) သောင်းရွှေလယ် (ယိုးဒယား)
(ဇ) ကောင်းချီးသခ်ါ (မွန်)

၂။ **ဝါသနာရှင်အဆင့်**

(က) လေပြည်ဆော်သွင်းမြူး (မြင်းတက်ယိုးဒယား)
(ခ) မြိုင်ခြေခိုင်ရွှေ (ပတ်ပျိုး)
(ဂ) ဆဒ္ဒန်အိုင်သာ (သီချင်းခံ)

၃။ **အဆင့်မြင့်ပညာအဆင့်**

(က) ဂန္ဓမာတောင် (ဘွဲ့)
(ခ) ကျွန်းကျွန်းပိုင်သ (ကြိုး)
(ဂ) ဇမ္ဗူတောင်ညာ (ပတ်ပျိုး)

၄။ **အခြေခံပညာ(၁၅–၂၀)အဆင့်**

(က) ညဥ့်သုံးယံခါ (ပတ်ပျိုး)
(ခ) ဆွတ်ဖျန်းငယ်လေ (ကြိုး)
(ဂ) သည်ဆောင်းဟေမန် (ဘွဲ့)

၅။ **အခြေခံပညာ(၁၀–၁၅)အဆင့်**

(က) မြရည်နန္ဒာ (ဘွဲ့)
(ခ) ဘုံဆောင်မြင့် (ကြိုး)
(ဂ) စိမ်းလဲ့လဲ့ညိုပြာ (ကြိုး)

၆။ **အခြေခံပညာ(၅–၁၀)အဆင့်**

(က) သီဒါသီဒါမြသား (ကြိုး)
(ခ) ဝေဘာဂီရိ (ကြိုး)
(ဂ) ထံတျာ (ကြိုး)

တယော

၁။ **ပညာရှင်အဆင့်**

(က) မဏိကဥ္စနာ (ပတ်ပျိုး)
(ခ) ဘုန်းဆင့်ဆင့်တိုး (ပတ်ပျိုး)
(ဂ) မဲဇာတောင်ခြေ (ပတ်ပျိုး)
(ဃ) ပန်းဟေဝန် (ယိုးဒယား)
(င) တောင်ဇမ္ဗူပိုင် (ယိုးဒယား)
(စ) ဒီပါမြေ (ပတ်ပျိုး)
(ဆ) မြန်ချာမြေကို (ပတ်ပျိုး)
(ဇ) အမင်းမင်းခရ (သီချင်းခံ)

၂။ **ဝါသနာရှင်အဆင့်**

(က) မှိုင်းမှိုင်းမြ (သီချင်းခံ)
(ခ) ရွှေပြည်တော်သည် (ပတ်ပျိုး)
(ဂ) နီးအောင်ပင်လှမ်း (ကာလပေါ်)

၃။ **အဆင့်မြင့်ပညာအဆင့်**

(က) ရွှေနန်းအောင်ချာ (ကြိုး)
(ခ) သူရကန် (ပတ်ပျိုး)
(ဂ) ရေခင်းတော် (ကာလပေါ်)

၄။ **အခြေခံပညာ(၁၅–၂၀)အဆင့်**

(က) ဧယျာအောင်ချာ (ကြိုး)
(ခ) လူ့မနော (ပတ်ပျိုး)
(ဂ) ဆိပ်ကမ်းသာ (ကာလပေါ်)

၅။ **အခြေခံပညာ(၁၀–၁၅)အဆင့်**

(က) ကျွန်းကျွန်းပိုင်သ (ကြိုး)
(ခ) ဟေမဝန်ချာ (ဘွဲ့)
(ဂ) ကောက်စိုက်မ (ကာလပေါ်)

၆။ **အခြေခံပညာ(၅–၁၀)အဆင့်**

(က) သီတာ (ကြိုး)
(ခ) စံရာတောင်ကျွန်း (ကြိုး)
(ဂ) ပန်းရည်ဘဏ်တိုက် (ကာလပေါ်)

(ဆက်လက်ဖော်ပြပါမည်)

ဥက္ကာခဲကျရောက်ရာ ရောမကျင်းကြီး ဂျော်ဒန်အရှေ့ပိုင်းတွင် တွေ့ရှိခဲ့

အမ္မန် ဩဂုတ် ၁၁

ဂျော်ဒန်နိုင်ငံအရှေ့ပိုင်း၌ ရောမဥက္ကာခဲကြီး ကျရောက်ခဲ့သဖြင့် ကျင်းကြီးတစ်ကျင်း ဖြစ်ပေါ်နေသည်ကို တွေ့ရကြောင်း ဂျော်ဒန်တိုင်းမ်သတင်းစာက ဩဂုတ် ၈ ရက်၌ ဖော်ပြသည်။

ရှာဖွေတွေ့ရှိ

ယင်းဥက္ကာခဲကြီးကျရောက်ရာနေရာသည် ဂျော်ဒန်အရှေ့ပိုင်း ကာရက်ဒေသ၏ အရှေ့ဘက်ကီလိုမီတာ ၂၀၀ အကွာ ဂျာဘယ်ဝပ်ဖ်အိဖ်ဆဝမ်း အရပ်၌တည်ရှိကြောင်း၊ ယင်းကို ဂျော်ဒန်တက္ကသိုလ်များမှ ပါမောက္ခများနှင့် ဂျာမန်ပါမောက္ခ ဝင်နားရှနီပင်ဒါတို့က ရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ဥက္ကာခဲကျရောက်ရာ ကျင်းကြီးမှာ လွန်ခဲ့သောနှစ်ပေါင်း ၇၅၀၀ မှ ၁၀၀၀၀ အတွင်းကဖြစ်ပြီး မီတာ ၁၀၀ အချင်းဝက်ရှိသည်ဟု ဆိုသည်။

ယင်းဥက္ကာခဲ ကျရောက်ခြင်းကြောင့် ပျက်စီးမှုသည် ဟီရိုရှီးမား၌ ချလိုက်သော အဏုမြူဗုံးထက်အဆပေါင်း ၅၀၀၀ နှင့်ညီမျှသည်ဟု ပါမောက္ခ ဆလာမက်ဂျ်က ပြောကြားသည်။

အကြီးဆုံးဖြစ်

တောင်အာဖရိက၌ တည်ရှိသော ကီလိုမီတာ ၂၅၀မှ ၃၀၀ အချင်းဝက်ရှိသည့် ဥက္ကာခဲကျရောက်ရာ ကျင်းကြီးမှာ ကမ္ဘာပေါ်တွင် ရှေးအကျဆုံးနှင့် အကြီးဆုံးဖြစ်ကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ရှိ မွေးမြူရေးခြံတွင် ပိုးသတ်ဆေးဖျန်းနေသည်ကို ဩဂုတ် ၉ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ကြက်၊ ငှက်တုပ်ကွေးကြောင့် သေဆုံးသူ အင်ဒိုနီးရှား၌ ၄၅ ဦးရှိသွားပြီ

ဂျကာတာ ဩဂုတ် ၁၁

အင်ဒိုနီးရှားနိုင်ငံမှ ဆယ်ကျော်သက်နှစ်ဦးသည် ကြက်ငှက်တုပ်ကွေးရောဂါကြောင့် သေဆုံးခဲ့သည်ကို ဒေသဆိုင်ရာ စမ်းသပ်ချက်များအရ အတည်ပြုထားကြောင်း၊ ယင်းသေဆုံးမှုမှာ ၄၅ ဦးမြောက်ဖြစ်ကာ ကမ္ဘာတွင် အများဆုံးဖြစ်ကြောင်း ဒေသထုတ်သတင်းစာတစ်စောင်က ဩဂုတ် ၉ ရက်၌ ဖော်ပြသည်။

အသက် ၁၆ နှစ်အရွယ်ရှိ မိန်းကလေးတစ်ဦးသည် ဂျကာတာမြို့ ဆင်ခြေဖုံးတန်ဂျာရန်းရှိဆေးရုံ၌ တက်ရောက်ကုသခဲ့ပြီးနောက် ကြက်၊ငှက်တုပ်ကွေးရောဂါဖြင့် သေဆုံးသွားကြောင်း ဂျကာတာပို့စ် သတင်းစာတွင် ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ

ဟစ်ဇ်ဘိုလာတို့ တိုက်ခိုက်မှု အစ္စရေးတပ်ဖွဲ့ဝင် ၁၅ ဦးသေဆုံး

ဂျေရုဆလင် ဩဂုတ် ၁၁

လက်ဘနွန်နိုင်ငံတောင်ပိုင်းတွင် ဟစ်ဇ်ဘိုလာနှင့် အစ္စရေးတပ်ဖွဲ့ဝင်များ အပြန်အလှန်တိုက်ခိုက်မှုကြောင့် ဩဂုတ် ၉ ရက်က အစ္စရေးတပ်ဖွဲ့ ဝင် ၁၅ ဦးသေဆုံးပြီး ၄၀ ခန့် ဒဏ်ရာရရှိသွားကြောင်း ဟစ်ဇ်ဘိုလာတို့၏ စစ်ဘက်ဆိုင်ရာသတင်းများက ဖော်ပြသည်။

ထိုသို့ အစ္စရေးတပ်ဖွဲ့ဝင်များ သေဆုံးရမှုသည် သီတင်းလေးပတ်ကြာဖြစ်ပွားနေသော တိုက်ခိုက်မှုများ အနက် သွေးထွက်သံယိုမှု အများဆုံးဖြစ်ပွားခဲ့သော နေ့ဖြစ်ကြောင်း ဟစ်ဇ်ဘိုလာတို့က ပြောကြားလိုက်သည်။

ပြောကြားချက်

အစ္စရေးတို့ကလည်း ဩဂုတ် ၉ ရက်က တိုက်ခိုက်မှုတွင် ဟစ်ဇ်ဘိုလာ တိုက်ခိုက်ရေးသမား ၄၀ ကို ချေမှုန်းနိုင်ခဲ့ကြောင်း ပြောကြားသည်။ အစ္စရေးတို့ ယင်းသို့ ပြောကြားချက်ကို ဟစ်ဇ်ဘိုလာတို့က တစ်စုံတစ်ရာ ပြောကြားခြင်းမရှိပေ။

ဇူလိုင် ၁၂ ရက်က အစ္စရေးတပ်ဖွဲ့ဝင်နှစ်ဦးကို ဟစ်ဇ်ဘိုလာတို့ ဖမ်းဆီးသွားပြီးနောက် အစ္စရေးတပ်ဖွဲ့ဝင်များ လက်ဘနွန်နိုင်ငံတွင်စစ်ဆင်ရေးပြုလုပ်ခဲ့ရာ အစ္စရေးတပ်ဖွဲ့ဝင်များ အများအပြား ထိခိုက်သေဆုံးမှုရှိခဲ့ရသည်။

သေဆုံးသူ

လက်ဘနွန်နိုင်ငံ တောင်ပိုင်းတွင် ဟစ်ဇ်ဘိုလာတို့က ဒုံးကျည်များဖြင့်ပစ်ခတ်တိုက်ခိုက်မှုကြောင့် အစ္စရေးတို့၏ တင့်ကားတပ်ဖွဲ့ဝင်လေးဦး သေဆုံးခဲ့ကြောင်း ဟစ်ဇ်ဘိုလာတို့က ပြောကြားသည်။

ဒုံးကျည်

ထို့အတူ ဒေဆယ်ကျေးရွာတွင် ဟစ်ဇ်ဘိုလာတို့က ဒုံးကျည်ဖြင့်ပစ်ခတ်တိုက်ခိုက်မှုကြောင့် အစ္စရေးတပ်ဖွဲ့ဝင် ကိုးဦးသေဆုံးခဲ့ရသည်ဟု ဟစ်ဇ်ဘိုလာတို့က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

စင်ကာပူနိုင်ငံ၏ (၄၁)ကြိမ်မြောက် အမျိုးသားနေ့ အခမ်းအနားကို ဩဂုတ်၉ရက်က ကျင်းပစဉ်။ (ဓာတ်ပုံ–အင်တာနက်)

စင်ကာပူနိုင်ငံ၏ (၄၁) ကြိမ်မြောက် အမျိုးသားနေ့ကျင်းပ

စင်ကာပူ ဩဂုတ် ၁၁

စင်ကာပူနိုင်ငံ၏ (၄၁)ကြိမ်မြောက် အမျိုးသားနေ့ကို စင်ကာပူ အမျိုးသားအားကစားကွင်း၌ ဩဂုတ် ၉ ရက် မွန်းလွဲပိုင်းက ကျင်းပခဲ့သည်။

စင်ကာပူနိုင်ငံ၏ (၄၁) ကြိမ်မြောက် အမျိုးသားနေ့ အခမ်းအနားသို့ စင်ကာပူသမ္မတ အက်စ်အာနာသန်၊ စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်း၊ဝါရင့်ဝန်ကြီး လီကွမ်ယုနှင့် အစိုးရ အဖွဲ့ဝင်ဝန်ကြီးများ တက်ရောက်ခဲ့ကြသည်။ ထို့အတူ ပရိသတ် ၅၅၀၀၀ ခန့်တို့ကလည်း ပါဝင်ဆင်နွှဲကြသည်။

အခမ်းအနားတွင် စစ်ဘက်ဆိုင် ရာလေယာဉ်များ ဖြစ်သည့်အက်ဖ်– ၁၆ တိုက်လေယာဉ်များနှင့် အပါချီရဟတ်ယာဉ်များက လေကြောင်းပျံသန်းမှုစွမ်းရည်ပြသခဲ့ကြပြီး အကအဖွဲ့များနှင့် မီးသတ်တပ်ဖွဲ့ဝင်များကလည်း သရုပ်ဖော်ပြသမှုများဖြင့် ပါဝင်ဆင်နွှဲခဲ့ကြသည်။ **အမ်အင်အေ၊ဆင်ဟွာ**

၂၀၀၀ ပြည့်နှစ်နောက်ပိုင်း ကန်တပ်ပြေး လေးသောင်းခန့်ရှိဟုဆို

ဝါရှင်တန် ဩဂုတ် ၁၁

အမေရိကန်စစ်တပ် အလွှာအသီးသီးမှ တပ်ဖွဲ့ဝင် ၄၀၀၀၀ ခန့် သည် ၂၀၀၀ ပြည့်နှစ်နောက်ပိုင်း တပ်မှထွက်ပြေးသွားကြကြောင်း ပင်တဂွန်သတင်းရပ်ကွက်များမှရရှိသော သတင်းများကို အမေရိကန်မီဒီယာက ဩဂုတ် ၈ ရက်၌ ကိုးကားဖော်ပြသည်။

အဆိုပါ အရေအတွက်မှာ အမေရိကန်ကြည်းတပ်၌ တာဝန်ထမ်းဆောင်နေသူများ၏ ထက်ဝက်ကျော်ရှိကြောင်း ၎င်းမီဒီယာက ဆက်လက်ဖော်ပြထားသည်။ အမေရိကန်စစ်တပ်၌ တပ်ပြေးများ များပြားလာခြင်းမှာ စစ်ပွဲကိုတိုက်ရပါများလာသဖြင့် ထွက်ပြေးကြခြင်းဖြစ်ကြောင်း စစ်ဆန့်ကျင်ရေးအဖွဲ့များက ပြောကြားသည်။

အမေရိကန်စစ်တပ်သည် ဗီယက်နမ်စစ်ပွဲတွင် ထွက်ပြေးသည့် တပ်ဖွဲ့ဝင် အရေအတွက်ကို လိမ်ညာပြောဆိုခဲ့ကြောင်း၊ ယခုလည်း ယင်းတို့သည် လိမ်ညာနေပြန်ပြီဖြစ်ကြောင်း အီရတ်နိုင်ငံသို့သွားရောက် တာဝန်ထမ်းဆောင်ရန် ငြင်းဆန်ခဲ့သည့် ဒုတိယဗိုလ်မှူးကြီး အာရင်ဝါတာရာ၏ ရှေ့နေတစ်ဦးဖြစ်သော အဲရစ်ဆိတ်ဇ်က ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ခတ္တမန္ဒူမြို့တွင် ရဟတ်ယာဉ်ပျက်ကျ

ခတ္တမန္ဒူ ဩဂုတ် ၁၁

နီပေါနိုင်ငံ ခတ္တမန္ဒူမြို့ရှိ ထရစ်ဘူဘင်နိုင်ငံတကာ လေဆိပ်တွင် ဩဂုတ် ၈ ရက်က ရဟတ်ယာဉ်တစ်စင်း လေယာဉ်ပြေးလမ်းပေါ်တွင် ပျက်ကျခဲ့ရာ ခုနစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ၎င်းဒဏ်ရာရရှိသူများထဲ မှတစ်ဦးမှာ ဒဏ်ရာပြင်းထန်စွာရရှိခဲ့ကြောင်း ဆင်ဟွာသတင်း၌ဖော်ပြသည်။

ဒဏ်ရာရရှိသူများတွင် လေယာဉ်မောင်းတစ်ဦး ပါဝင်ခဲ့ကြောင်း ၎င်းရဟတ်ယာဉ်ပျက်ကျခဲ့ပြီးနောက် မီးလောင်မှုဖြစ်ပွားခဲ့ရာ မီးသတ်ယာဉ်များနှင့် မီးသတ်သမားများက ငြိမ်းသတ်ကာ ကယ်ဆယ်နိုင်ခဲ့ကြောင်း အဆိုပါသတင်းတွင် ဆက်လက်ဖော်ပြသည်။ **အမ်အင်အေ၊ဆင်ဟွာ**

မြန်မာ့အလင်း နိုင်ငံခြားသတင်းများ

အိန္ဒိယ၌ ရေလွှမ်း၊ ပြည်သူလေးသန်းကျော် ရေဘေးကြုံရ

အက်ဒမီဒါဘတ် ဩဂုတ် ၁၁

အိန္ဒိယနိုင်ငံတွင် မြစ်များရေလွှမ်းမှုကြောင့် ထောင်ပေါင်းများစွာသော ကျေးရွာများ ရေနစ်မြုပ်ခံရကာ အိန္ဒိယနိုင်ငံတောင်ပိုင်းနှင့် အနောက် ပိုင်းရှိ မြို့များလည်း ဩဂုတ် ၉ ရက်က ရေလွှမ်းခဲ့ရသဖြင့် ဒေသခံ ပြည်သူ ၄ ဒသမ ၅ သန်းခန့် စားနပ်ရိက္ခာနှင့် သောက်သုံးရေ ပြတ်လပ်မှုကြုံတွေ့ရလျက်ရှိသည်ဟု အိန္ဒိယ အရာရှိများက ပြောကြားသည်။

အိန္ဒိယနိုင်ငံတွင် ရေလွှမ်းမိုးမှုကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည်ကို ဩဂုတ် ၉ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

အိန္ဒိယနိုင်ငံတွင် မုတ်သုံရာသီမိုး ရွာသွန်းမှုသည်းထန်သဖြင့် နိုင်ငံ၏ စိုက်ပျိုးရေးကို ထိခိုက်ခဲ့ပြီး ပြီးခဲ့သည့် သီတင်းပတ်ကုန်ကတည်းက ပြည်နယ်ငါးခုခန့်တွင် ရေလွှမ်းမှုကြုံတွေ့ခဲ့ရသည်။

သေဆုံး

ထိုသို့ ရေလွှမ်းမှုကြောင့် ဒေသခံပြည်သူ ၃၁ဦး သေဆုံးခဲ့ရပြီး ကောက်ပဲသီးနှံများ ပျက်စီးဆုံးရှုံးမှု ဖြစ်ပေါ်ခဲ့ရသည်။ ပြီးခဲ့သည့် ၄၈ နာရီကျော်က ရေလွှမ်းမှုကြောင့် လူ ၈၆ ဦးသေဆုံးခဲ့ရာ လေးရက်အတွင်း လူ ၁၆၃ ဦးသေဆုံးခဲ့ကြောင်း၊ ထိုသို့ သေဆုံးသူများမှာ မဟာရာထရာ ပြည်နယ်အနောက်ပိုင်းတွင်ဖြစ်ကြောင်း သိရသည်။

ရေလွှမ်း

မဟာရာထရာပြည်နယ်နှင့် အနီးရှိ ဂူဂျာရတ်ပြည်နယ်တွင်လည်း ရေလွှမ်းခဲ့ကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ

ဆင်ဖူးပဋိဇီဝထိုးဆေးအသုံးပြုမှု တရုတ်ကျန်းမာရေးဝန်ကြီးဌာနပိတ်ပင်

ပေကျင်း ဩဂုတ် ၁၁

ပဋိဇီဝထိုးဆေး"ဆင်ဖူး" အသုံးပြုမှုကြောင့် ဩဂုတ် ၈ရက်က လူခြောက်ဦးသေဆုံးခဲ့ရသဖြင့် သံသယဖြစ်ဖွယ်ရှိသော ဆင်ဖူးထိုးဆေးအသုံးပြုမှုကိုပိတ်ပင်လိုက်ပြီး ၎င်းဆေးနှင့်ပတ်သက်၍ နေ့စဉ်အစီရင်ခံစာများတင်ပြရန် တရုတ်ကျန်းမာရေးဝန်ကြီးဌာနက ဗုဒ္ဓဟူးနေ့၌ တောင်းဆိုလိုက်သည်။

ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကြေညာချက်တွင် ကလင်ဒါမိစင်ဖော့စဖိတ်ဂလူးကို့စ်ထိုးဆေးနှင့်ပတ်သက်၍ မကောင်းသောလက္ခဏာများအကြောင်းကို ပြည်နယ်ဆိုင်ရာ ကျန်းမာရေးဌာနများ၏ အစီရင်ခံစာကို နေ့စဉ်ညနေ၄နာရီတွင် တင်ပြရန် တောင်းဆိုထားသည်။

ထုတ်လုပ်

ယင်းဝန်ကြီးဌာနသည်"ဆင်ဖူး" ဆေးအသုံးပြုခြင်းကို တားမြစ်ပိတ်ပင်ထားသည်။ ဆင်ဖူးဆေးအား ရှန်ဟိုင်းဝေါလ်ဘက် ဆေးထုတ်လုပ်ရေးကုမ္ပဏီ၏ ရုံးခွဲဖြစ်သော အန်ဟွေးပြည်နယ် ဆေးကုမ္ပဏီက ဩဂုတ် ၃ ရက်၌ ထုတ်လုပ်လိုက်သော ဆေးဖြစ်သည်။

တိုက်တွန်း

"ဆင်ဖူး"ဆေးအား ထိန်းချုပ်နိုင်ရန်အတွက် အရေးပေါ်ဆောင်ရွက်ချက်များလုပ်ဆောင်ရန်နှင့် ဆေးခန်းများတွင် မသုံးကြရန် တားမြစ်ပိတ်ပင်မှုများကို ကြီးကြပ်ဆောင်ရွက်သွားရန် ဒေသဆိုင်ရာ ကျန်းမာရေးဌာနများအား တိုက်တွန်းထားသည်။

အမ်အင်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အစ္စရေးမြောက်ပိုင်းရှိ ပြည်သူများအား ဒေသမှ ရက်အနည်းငယ်အတွင်းထွက်ခွာရန် နှိုးဆော်

ဂျေရုဆလင် ဩဂုတ် ၁၁

အစ္စရေးအစိုးရက မြောက်ပိုင်းနယ်စပ်ရှိ ဒေသနေပြည်သူ ၁၇၀၀၀အား ရက်အနည်းငယ်အတွင်း ထွက်ခွာပေးရန် ပြောကြားလိုက်သည်ဟု အစ္စရေးနေ့စဉ်ထုတ်သတင်းစာ ဟားရက်ဇ်က ဩဂုတ် ၉ရက်၌ ဖော်ပြသည်။

ထွက်ခွာပေးရန်

အစ္စရေးအစိုးရက ရက်အနည်းငယ်အတွင်း မြောက်ပိုင်းနယ်စပ်မြို့များ၌ နေထိုင်သော ပြည်သူ ၁၇၀၀၀ အား ထွက်ခွာပေးရန် ကမ်းလှမ်းထားကြောင်း ဝန်ကြီးအဖွဲ့အတွင်းဝန် ရစ်စရေးမိုင်မွန်က ပြောကြားသည်ကို အဆိုပါသတင်းစာက ကိုးကားဖော်ပြသည်။

အဆိုပါဒေသနေ ပြည်သူများအား ရက်အနည်းငယ်အတွင်း ၎င်း စစ်ဇုန်အတွင်းမှ ထွက်ခွာကြရန် ကမ်းလှမ်းပြောကြားထားကြောင်း၊ အစ္စရေးအစိုးရက ၎င်းတို့အား နေရာချထားပေးလိမ့်မည်ဖြစ်ကြောင်း မိုင်မွန်က ပြောကြားသည်။

အစ္စရေးမြောက်ပိုင်းရှိ ကာရပ်ရှမွန်နာမြို့သည် အစ္စရေး-လက်ဘနွန်နယ်စပ်မှ ၁၀ ကီလိုမီတာကွာဝေးသည်။ ယင်းမြို့နေ ပြည်သူများအား အခြားအစ္စရေးဒေသများသို့ တစ်ပတ်အတွင်း ပြောင်းရွှေ့ရန် ဩဂုတ် ၇ ရက်က အစိုးရက ဆုံးဖြတ်ချက်ချခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

လန်ဒန်မြို့ ဟိသရိုးလေဆိပ်တွင် သောင်တင်နေသော ခရီးသည်များကို ဩဂုတ်၁၀ရက်ကတွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

လန်ဒန်မြို့ လေယာဉ်ခရီးစဉ်များ ဖျက်သိမ်း ခရီးသည်များ ဟိသရိုးလေဆိပ်၌ သောင်တင်နေခဲ့ရ

လန်ဒန် ဩဂုတ် ၁၁

အမေရိကန်နိုင်ငံသို့ ပျံသန်းမည့်လေယာဉ်ပေါ်တွင် အကြမ်းဖက်သမားများက ဖောက်ခွဲတိုက်ခိုက်မည့် သတင်းအား လန်ဒန်ရဲတပ်ဖွဲ့မှရရှိခဲ့ပြီးနောက် လေဆိပ်တွင် လုံခြုံရေးကို တင်းကျပ်စွာ ဆောင်ရွက်နေသောကြောင့် ရာပေါင်းများစွာသောခရီးသည်များ လန်ဒန်မြို့ရှိ ဟိသရိုးလေဆိပ်တွင် သောင်တင်နေခဲ့ရကြောင်း ဩဂုတ် ၁၀ရက် အေအက်ဖ်ပီသတင်းတွင် ဖော်ပြထားသည်။

ပိတ်မိ

ဗြိတိန်နိုင်ငံ၏ ခရီးသွားလာမှုများသော ဟိသရိုးလေဆိပ်တွင် နွေရာသီအားလပ်ရက် ခရီးသွားလာမှုများချိန်တွင် လေယာဉ်ခရီးစဉ်များကို လုံခြုံရေးအရ လေယာဉ်ခရီးစဉ်များ ဖျက်သိမ်းပြီး စစ်ဆေးမှုများ ပြုလုပ်နေသောကြောင့် ခရီးသည်များ ပိတ်မိနေခဲ့သည်။

လျှို့ဝှက်ယူဆောင်

အကြမ်းဖက်သမားများသည် ပေါက်ကွဲစေသော ပစ္စည်းများကို လေယာဉ်ပေါ်သို့ လျှို့ဝှက်ယူဆောင်လာပြီး လူအစုလိုက်အပြုံလိုက် သေအောင် ဖောက်ခွဲတိုက်ခိုက်နိုင်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ဗြိတိသျှလေကြောင်းလိုင်းသည် ဟိသရိုး လေဆိပ်မှ အခြားဗြိတိန် လေဆိပ်များနှင့် ဥရောပမြို့များသို့ ပျံသန်းမည့် ခရီးစဉ်အားလုံးကိုလည်း ဖျက်သိမ်းခဲ့ကြောင်း သိရသည်။

ဩဂုတ် ၁၀ ရက်က လူ ၂၀ ခန့်အား လန်ဒန်ရဲတပ်ဖွဲ့မှ ဖမ်းဆီးထားလိုက်ကြောင်း၊ အားလုံးသည် လူငယ်များဖြစ်ကြပြီး ဗြိတိန်နိုင်ငံသား မွတ်ဆလင်လူမျိုးများ ဖြစ်ကြကြောင်း၊ ကျန်လူများအား ဆက်လက်ရှာဖွေနေဆဲဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

(အင်တာနက်)

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ထောပတ်ဖြင့်ပြုလုပ်သော နွားရုပ်တု

ထောပတ်များဖြင့် ပြုလုပ်ထားသော နွားရုပ်တုတစ်ခုကို တွေ့ရစဉ်။ (ယာပုံ)

နယူးယောက်မြို့တွင် ကျင်းပလျက်ရှိသည့် ရုပ်တုပွဲတော်တစ်ခု၌ ရှာရွန်ဘူမင်းအမည်ရှိ ရုပ်တုသမားတစ်ဦးက ထောပတ်ပေါင် ၇၀၀ ကို အသုံးပြုပြီး နွားရုပ်တစ်ခုကို ပြုလုပ်ကာ ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။ ၎င်းရုပ်တုပွဲတော်ကို နှစ်စဉ် ကျင်းပလျက်ရှိရာ ရှာရွန်ဘူမင်းသည် အသုံးပြုသောပစ္စည်းအမျိုးအစားနှင့် ကွဲပြားသော ရုပ်တုများကို ပြုလုပ်ကာ နှစ်စဉ် ဝင်ရောက်ဆင်နွှဲကြောင်း သိရသည်။

(အင်တာနက်)

ဦးခေါင်းနှစ်လုံးနှင့် ကလေးငယ်

ဦးခေါင်းနှစ်လုံးဖြင့် မွေးဖွားလာသော ကလေးငယ်တစ်ဦးကို တွေ့ရစဉ်။ (ဝဲပုံ)

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ ဆေးရုံ၌ ဩဂုတ် ၁၀ရက်က အင်ဒိုနီးရှားအမျိုးသမီးတစ်ဦး မွေးဖွားခဲ့သော မိန်းကလေးငယ်မှာ ဦးခေါင်းနှစ်လုံးပါရှိကြောင်း သိရသည်။ ၎င်းဦးခေါင်းနှစ်လုံးပါသော ကလေးငယ်မှာ မွေးဖွားချိန်တွင် ကိုယ်အလေးချိန် ခုနစ်ပေါင်ကျော်ရှိသည်။

(အင်တာနက်)

နှစ်ပေါင်း ၂၀၀၀ခန့်က လက်ရေးစာရွက် တရုတ်နိုင်ငံ ကန်ဆုပြည်နယ်၌ ရှာဖွေတွေ့ရှိ

ပေကျင်း ဩဂုတ် ၁၁

တရုတ်နိုင်ငံ ကန်ဆုပြည်နယ်တွင် လွန်ခဲ့သောနှစ်ပေါင်း ၂၀၀၀ခန့်က လက်ရေးစာရွက်အပိုင်းအစတစ်ခုကို တွေ့ရှိခဲ့ရာ တရုတ်နိုင်ငံ၏ စာရွက်ပြုလုပ်ခဲ့မှုနှင့် စာရေးသားမှုများ၏ ရှေးအကျဆုံးသမိုင်းကို ဖော်ပြနေကြောင်း ဆင်ဟွာသတင်းတစ်ရပ်၌ ဖော်ပြသည်။

အဆိုပါ စာရွက်အပိုင်းအစလေးသည် ၁၀ စင်တီမီတာခန့်ရှိပြီး ရှေးဟောင်းခံတပ်မြို့တစ်ခုအနီးတွင် တွေ့ရှိရခြင်းဖြစ်သည်။ ၎င်းခံတပ်မြို့သည် ဟန်မင်းဆက် (ဘီစီ ၂၀၆၊ အေဒီ ၂၅)က အသုံးပြုခဲ့သော ခံတပ်မြို့ဟောင်းတစ်ခု ဖြစ်သည်ဟုလည်း ပေကျင်းအခြေစိုက် ဂေါင်မင်းဒေလီ သတင်း၌ ဖော်ပြသည်။

ထုတ်လုပ်

ထိုရှေးဟောင်း စာရွက်အပိုင်းအစလေးသည် တရုတ်နိုင်ငံ၌ စက္ကူစတင်တီထွင်ထုတ်လုပ်သူ ကိုင်လွမ် မမွေးဖွားမီ နှစ်ပေါင်း ၁၀၀ကျော် (ဘီစီ ၈)ခန့်က ထုတ်လုပ်ခဲ့သည့် စာရွက်ဖြစ်ကြောင်း၊ တရုတ်တို့၏ စက္ကူပေါ်တွင် စာပေရေးသားမှု၏ ရှည်လျားသောသမိုင်းကို မိမိတို့သိရှိနိုင်ကြောင်း တရုတ်နိုင်ငံဒွန်ဟန်ပြတိုက်မှ ပြတိုက်တာဝန်ခံ ဖူလီချန်းက ပြောကြားသည်။

အောင်မြင်

တရုတ်လူမျိုး ကိုင်လွမ်သည် သစ်ပင်အခေါက်များ၊ အဝတ်ပိတ်စများနှင့် ငါးဖမ်းပိုက်များမှ စက္ကူဖြစ်အောင် (အေဒီ ၁၀၅) ၌ အောင်မြင်စွာ ထုတ်လုပ်နိုင်ခဲ့သူဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

ဘဂ္ဂဒက်အနောက်ပိုင်းတွင် သေနတ်သမားများပစ်ခတ်၍ ငါးဦးသေဆုံး

ဘဂ္ဂဒက် ဩဂုတ် ၁၁

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့အနောက်ပိုင်းတွင် ဩဂုတ် ၉ရက်က လူအုပ်အတွင်းသို့ သေနတ်သမားများ၏ ပစ်ခတ်မှုကြောင့် ငါးရောင်းချသူတစ်ဦးနှင့် ၎င်းထံမှ ဝယ်ယူနေသူ လေးဦး သေဆုံးခဲ့သည်ဟု အီရတ်ပြည်ထဲရေးဝန်ကြီးဌာန သတင်းရပ်ကွက်က ပြောကြားသည်။

ဒေပူးဒီမြို့အနီးဝန်းကျင်ရှိ လူသိများသည့် အဆိုပါ ငါးရောင်းသူအနီး လူအုပ်အတွင်းသို့ အမည်မသိသေနတ်သမားများသည် ကားနှစ်စီးအတွင်းမှ ရိုင်ဖယ်သေနတ်ဖြင့် ပစ်ခတ်ရာ ငါးရောင်းချသူတစ်ဦးနှင့် ၎င်းထံမှ ဝယ်ယူသူ လေးဦးသေဆုံးခဲ့သည်ဟု ဆင်ဟွာသတင်းဌာနသို့ အဆိုပါ သတင်းရပ်ကွက်က ပြောကြားသည်။

မည်သည့် အတွက်ကြောင့် ငါးရောင်းချသူအား ပစ်ခတ်တိုက်ခိုက်ခြင်းဖြစ်သည်ကို အတိအကျမသိရသေးကြောင်း သတင်းတွင် ဆက်လက်ဖော်ပြသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ရေတွင်းထဲမှ လူအသက်တစ်ချောင်း နည်းစနစ်မှန်ကန်စွာ ကယ်တင်တတ်ရန် အရေးကြီး

စေ့ငုတင်ပြသူ - မြင့်မောင်စိုး၊ ဓာတ်ပုံမှတ်တမ်း - မီးသတ်ဦးစီးဌာနမှ ကူညီသည်

ရန်ကုန် ဩဂုတ် ၁၁

မြန်မာမှုနယ်ပယ်တွင် ရှေးလူကြီး သူမများက တွင်းဆင်း၊ တောင်တက်အလုပ်ကို အထူးသတိပြု၍ လုပ်ဆောင်ကြရန် မှာကြားဆုံးမတတ်သည်ကို ကြားဖူးကြပေလိမ့်မည်။

အန္တရာယ်ရှိ

အကြောင်းမှာ ရေတွင်းထဲသို့ ဆင်းသက်ခြင်းနှင့် တောင်တက်ခြင်းလုပ်ငန်းများသည် လေထုထဲတွင် ပါဝင်သည့် အောက်စီဂျင်ဓာတ်ငွေ့ နည်းပါးမှုကြောင့်လည်းကောင်း၊ ကာဗွန်ဒိုင်အောက်ဆိုဒ်၊ ကာဗွန်မိုနောက်ဆိုဒ်နှင့် အခြားအဆိပ်သင့်စေသော ဓာတ်ငွေ့များကြောင့်

ရေတွင်းထဲတွင် လဲကျနေသော လူနာအား ကယ်တင်ရန် မီးသတ်တပ်ဖွဲ့ဝင် တစ်ဦး ရေတွင်း နံရံကိုကန်လျက် ဆင်းသွားသည့် သရုပ်ပြကွက်ကို ဤသို့တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း–မီးသတ်ဦးစီး)

လည်းကောင်း၊ အသက်ရှူမဝခြင်းနှင့် အသက်ရှူကျပ်ခြင်း ဝေဒနာများခံစားရကာ အသက်အန္တရာယ်ရှိနိုင်သည်။

အကူအညီယူ

သို့ဖြစ်၍ ရေတွင်းအတွင်းထဲသို့ တွင်းချေးဆင်းဆယ်ခြင်း၊ အကြောင်း ကိစ္စတစ်ခုခုကြောင့် ဆင်းခြင်း၊ ရေစုပ်စက်ချ၍ ရေစုပ်ထုတ်ခြင်းလုပ်ငန်းများကို အတွေ့အကြုံမရှိဘဲ မိမိသဘောဖြင့် လုံးဝမပြုလုပ်ရန်နှင့် ကျွမ်းကျင်သူများ၏ အကူအညီရယူပြီးမှသာ လုပ်ဆောင်သင့်ပေသည်။

ရေတွင်းထဲမှ အမှိုက်များ ဆင်းဆယ်ရာမှ အသက်ဆုံးရှုံးမှု ဖြစ်ရပ်တစ်ခု ရေတာရှည်မြို့နယ် နတ်စင်ကုန်းကျေးရွာ၌ မေ ၂၀ ရက်က ဖြစ်ပေါ်ခဲ့သည်။ ထိုဖြစ်စဉ်တွင် အရန်မီးသတ်တပ်ဖွဲ့ဝင်တစ်ဦးက အနက် ၂၃ ပေရှိသော ရေတွင်းထဲသို့ အမှိုက်များ ဆင်းဆယ်ရာမှ ရေတွင်းထဲ မူးလဲကျခဲ့သည်။ ယင်းကဲ့သို့ ဖြစ်လျှင်ဖြစ်ချင်း အခြားမီးသတ်တပ်ဖွဲ့ဝင်နှစ်ဦးက ဆင်း၍ကယ်ရာ ထပ်မံ၍ ရေတွင်းထဲ မူးလဲကျပြန်သည်။

ကယ်တင်နိုင်ခဲ့၍

ထိုဖြစ်ရပ်တွင် အရန်မီးသတ် ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး နှစ်ဦးမှာ အချိန်မီ ကယ်တင်နိုင်ခဲ့၍ အသက်ချမ်းသာရာ ရရှိသွားခဲ့ကြောင်း မီးသတ်ဦးစီးဌာနမှ ရရှိသော သတင်းအရ သိရှိရသည်။

ဖြစ်လေ့ရှိ

ဤကဲ့သို့ ဖြစ်ရပ်မျိုး မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ဖြစ်လေ့ဖြစ်ထရှိ၍ ရေတွင်းအသက်ကယ်လုပ်ငန်းများတွင် စေတနာ့ဝန်ထမ်းအဖြစ် လုပ်ကိုင်ကြသူများနှင့် အများပြည်သူတို့ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် နည်းစနစ်မှန်ကန်စွာ ဆောင်ရွက်နိုင်ရန် လိုအပ်ပြီဖြစ်ကြောင်း မီးသတ်ဦးစီးဌာနရုံးချုပ် လေ့ကျင့်ရေးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မင်းက မြန်မာ့အလင်းသို့ ပြောကြားသည်။

"ရေတွင်းထဲသို့ဆင်းမည့်သူများဟာ ရေတွင်းထဲ၌ ကာဗွန်ဒိုင်အောက်ဆိုဒ် ဓာတ်ငွေ့ရှိ မရှိ၊ ရှိလျှင်လဲဘယ်လို ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ကို ဖယ်ထုတ်ပြီး ဆင်းမလဲဆိုတာ ဦးစွာသိဖို့လိုပါတယ်"ဟုဦးကျော်မင်းက ဆက်လက်ပြောကြားသည်။

ဆောင်ရွက်ပုံ

ဒါ့အပြင် ရေတွင်းအသက်ကယ်လုပ်ငန်းတွင် အသုံးပြုရမည့်ပစ္စည်း များ၊ ရေတွင်းထဲသို့ ဆင်းသက်နည်းများ၊ ရေတွင်းအသက်ကယ်လုပ်ငန်း ဆောင်ရွက်ပုံများကိုလည်း သိဖို့လိုအပ်ကြောင်း ၎င်းကပြောကြားသည်။

ရေတွင်းအတွင်း၌ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ် ရှိမရှိကို မီးထွန်းထားသော မီးခွက်(သို့မဟုတ်) ဖယောင်းတိုင်၊ မှန်အိမ်၊ မီးအိမ်တစ်ခုခုကို ကြိုးဖြင့်မြဲမြံစွာ ချည်နှောင်လျက် စနစ်တကျတွင်းထဲသို့ ဖြည်းဖြည်းချင်း ချရမည်ဖြစ်ပါသည်။ မီးအလွယ်တကူ ငြိမ်းသွားပါက ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ရှိကြောင်း သိနိုင်ပါသည်။

အံဝင်ခွင်ကျဖြစ်အောင်

ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့များ ရှိနေမည်ဆိုပါက ထိုဓာတ်ငွေ့များ ဖယ်ထုတ်ရန်နည်းလမ်းမှာ အသက်ရှူကိရိယာတွင် ပါရှိသည့် လေအိုးကို ကြိုးဖြင့်ချည်နှောင်၍ လေအနည်းငယ်ဖွင့်ကာ ရေတွင်းအောက်ခြေသို့ ချပေးခြင်း၊ ရေတွင်းအချင်းနှင့် အံဝင်ခွင်ကျရှိမည့် ထီးတစ်လက်ကို ဖွင့်ပြီး ကြိုးချည်၍ အတင်အချပြုလုပ်ခြင်းဖြင့် လေဖလှယ်ပေးခြင်း၊ သစ်ကိုင်းသစ် ခက်များကို ရေတွင်း၏ အချင်းနှင့် အံဝင်ခွင်ကျဖြစ်အောင် စုစည်းပြီး ကြိုးချည်၍ အတင်အချပြုလုပ်ပေးခြင်းဟူသော အချက်သုံးခုထဲမှ တစ်ခုခုဖြင့် လုပ်ဆောင်နိုင်ကြောင်းသိရသည်။

ထိုသို့ရေတွင်းထဲမှ ကာဗွန်ဒိုင်အောက်ဆိုဒ်ကို ဖယ်ထုတ်ပြီးပါက ရေတွင်းအသက်ကယ်လုပ်ငန်းတွင် အသုံးပြုသင့်သည့်ပစ္စည်းများဖြစ်သည့် အသက်ရှူကိရိယာတစ်စုံ၊ လေအိုး တစ်လုံးရှိခဲ့လျှင် လိုအပ်ပါသည်။ ထို့အပြင် ၁၂(မမ)နိုင်လွန်ကြိုးအရှည် သုံးချောင်း၊ တစ်လက်မ ပလတ်စတစ် ရေပိုက်အရှည်တစ်ချောင်း၊ လှေကား တစ်ခု၊ ထီးတစ်လက်၊ စက်သီးတစ်လုံးလိုအပ်ပါသည်။

ရေတွင်းထဲမှလူနာအား ကြိုးဖြင့် ချိုင်းအောက်မှ ချည်နှောင်၍ မီးသတ်တပ်ဖွဲ့ဝင်တစ်ဦးက ပွေ့ချီ ကယ်တင်လာသည့် သရုပ်ပြကွက်။

(ဓာတ်ပုံမှတ်တမ်း–မီးသတ်ဦးစီး)

ထိုပစ္စည်းများ အလျှင်အမြန် စုဆောင်းပြီးပါက ရေတွင်းထဲဆင်းမည့်သူသည် ပလတ်စတစ်ရေပိုက်ကို ပါးစပ်ဖြင့်ကိုက်၍ ပိုက်အတွင်းမှလေကိုပါးစပ်ဖြင့်ရှူကာ ဆင်းသက်ခြင်း၊ ရေတွင်းအထက် လက်လှမ်းမီသော နေရာတွင် ခိုင်ခံ့သောတန်းသို့မဟုတ် လှေကားတွင် စက်သီး ချိတ်ဆွဲထားခြင်း၊ ထိုစက် သီးဖြင့်ရေတွင်းထဲ ဆင်းမည့်သူအား ကြိုးဖြင့်ချည်နှောင်လျက် ချပေးခြင်းများ လုပ်ဆောင်ရမည်ဖြစ်သည်။

ရွေးချယ်

ရေတွင်းအသက်ကယ်လုပ်ငန်း လက်တွေ့ဆောင်ရွက်ပုံ နည်းလမ်းသုံးခုရှိရာ အခြေအနေနှင့် ကိုက်ညီသည့် နည်းလမ်းကို ရွေးချယ်အသုံးပြုနိုင်ကြောင်း သိရသည်။

ပထမနည်းမှာ သစ်ကိုင်းသစ်ခက် သို့မဟုတ် ထီးကို ကြိုးချည်၍ ကာဗွန် ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ဖယ်ထုတ်ရန် အတင်အချ စက္ကန့် ၃၀ခန့် ပြုလုပ်ရမည်ဖြစ်သည်။ ယင်းနောက်လှေကားကို ကြိုးချည်၍ ရေတွင်းအောက်ခြေမှ တွင်းနံရံတွင်ထောင်လျက် အနေအထားဖြင့် ချပေးရန်ဖြစ်သည်။ ထို့နောက် ဆင်းမည့်သူကို ကြိုးချည်၍ လူနာအားချည်ရမည့်ကြိုးအပိုတစ်ချောင်း ကို ကိုင်စေကာ ညင်သာစွာလျှောချပေး ခြင်း၊ ဆင်းသည့်လူသည် ပလတ်စတစ်ရေပိုက်ကို ပါးစပ်ဖြင့်ကိုက်၍ ပိုက်အတွင်းမှလေကို ရှူစေခြင်း၊ လူနာထံသို့ရောက်လျှင် လူနာ၏ချိုင်းအောက်မှ ကြိုးဖြင့် ခိုင်မြဲစွာချည်နှောင်၍ အထက်မှဆွဲယူရန် အကြောင်းကြားရမည်ဖြစ်သည်။

ဆွဲတင်

ဒုတိယနည်းမှာ တန်ဝက်ခံနိုင်စွမ်း ရှိသည့် စက်သီးကို ရေတွင်း၏အထက် တစ်နေရာတွင် တပ်ဆင်ရမည်ဖြစ်သည်။ ထိုစက်သီးကိုသုံး၍ ဆင်းမည့်သူအား ကြိုးချည်၍ ချပေးရမည်ဖြစ်သည်။ ၎င်းဆင်းသူက လူနာအားပွေ့ချီကယ်တင်၍ အပေါ်မှပြန်၍ ဆွဲတင်ခြင်းဖြစ်သည်။

ကြိုးအပို

တတိယနည်းမှာ ရေတွင်းထဲသို့ ဆင်းမည့်သူအား အသက်ရှူကိရိယာ တပ်ဆင်၍ ကြိုးဖြင့်ချည်နှောင်၍ ရေတွင်းထဲချပေးရန်ဖြစ်သည်။ ၎င်း ဆင်းသည့်သူသည် ကြိုးအပိုတစ်ချောင်းယူကာ ဆင်းရမည်ဖြစ်သည်။ ယင်းကြိုးအပိုမှာ လူနာအားချိုင်း အောက်မှ ခိုင်မြဲစွာချည်နှောင်ရန် ဖြစ်သည်။ လူနာအားချည်နှောင်ထားသော ကြိုးနှင့် ကယ်တင်သူအားချည်ထားသောကြိုးတို့ကို အပေါ်မှ တစ်ပြိုင်တည်း ဟန်ချက်ညီစွာဖြင့် ဆွဲတင်ရမည်ဖြစ်သည်။

စနစ်ကျနစွာ

အထက်ပါနည်းလမ်းသုံးသွယ်မှ တစ်ခုခုဖြင့် အဆင်ပြေသလို ကယ်တင်ခြင်းကို စနစ်ကျနမှန်ကန်စွာဖြင့် ကယ်တင်ပေးနိုင်ကြောင်းသိရသည်။

ကယ်တင်နိုင်

သို့ဖြစ်၍ စေတနာ့ဝန်ထမ်းများ အနေဖြင့် ဤကဲ့သို့ ရေတွင်းအသက်ကယ်ခြင်းများကို လုပ်ဆောင်တော့မည်ဆိုပါက ဖော်ပြပါအချက်အလက်များအတိုင်း စနစ်တကျ လုပ်ကိုင် ဆောင်ရွက်ခြင်းဖြင့် လူ့အသက်တစ်ချောင်းကို ကယ်တင်နိုင်လိမ့်မည်ဖြစ်ပါကြောင်း အသိပေးရေးသားဖော်ပြလိုက်ပါသည်။ ။ **(မြန်မာ့အလင်း)**

ရေတွင်းထဲကျသည့် ခိုကို ဆင်းဆယ်သူငါးဦး အသက်ရှူကျပ်သေဆုံးရသည့်ဖြစ်ရပ် အိန္ဒိယ၌ ဖြစ်ပေါ်

အမီဒါဘတ်(အိန္ဒိယ) ဩဂုတ် ၁၁

အိန္ဒိယနိုင်ငံအနောက်ပိုင်း၌ ရေမရှိသော ရေတွင်းတွင်ကျနေသည့် ခိုတစ်ကောင်ကို ဩဂုတ် ၉ ရက်က ဆင်းဆယ်ရာမှ ယောကျာ်းလေးတစ်ဦး အပါအဝင် ကျေးရွာသားငါးဦး သေဆုံးသွားကြောင်း ဒေသအာဏာပိုင်များက ပြောကြားသည်။

လဲကျသွား

အဆိုပါ ယောကျာ်းလေးသည် ဦးစွာပထမ ရေတွင်းထဲကျနေသည့် ဒဏ်ရာရနေသောခိုကို ဆင်းဆယ်ရာမှ ရေတွင်းထဲ၌ လဲကျသွားခဲ့သည်။ ၎င်းအား ကယ်ဆယ်ရန် အခြားရွာသားလေးဦး ရေတွင်းထဲသို့ ဆင်းပြန်ရာ ယင်းတို့ လေးဦးပါ ရေတွင်းထဲ၌ လဲကျသေဆုံးခဲ့ကြောင်းသိရသည်။

ယင်းအခင်းဖြစ်ပွားသည့်နေရာမှာ ဂူဂျာရက်ပြည်နယ်၏မြို့တော် အမီဒါဘတ်မြို့မှ ၅၅မိုင်အကွာ ဂျာလာဘိုဒီ ကျေးရွာ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အသက်ရှူကျပ်

အဆိုပါသေဆုံးသူများမှာ ကနဦးစစ်ဆေးချက်အရ အသက်ရှူကျပ်၍ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာ အစိုးရတာဝန်ရှိသူတစ်ဦးက ပြောဆိုသည်။

(ကိုးကားချက်–ရိုက်တာ)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၂–၈–၂၀၀၆ ရက် (စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂ မဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၇း၅၅ ၆။ အတီးပြိုင်ပွဲ
၈း၁၀ ၇။ ဆက်သွယ်ဆင့်ပွားအိပ်မက်တံတား
၈း၂၀ ၈။ အဆိုပြိုင်ပွဲ
၈း၃၀ ၉။ International News
၈း၄၅ ၁၀။ Grammar made Easy
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၅ ၂။ တေးဂီတအစီအစဉ်
၁၁း၃၀ ၃။ ပြည်တွင်းသတင်း
၁၁း၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၂း၀၅ ၅။ တစ်ပတ်အတွင်း ပြည်တွင်းသတင်းစဉ်
၁၂း၃၅ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ဆည်းဆာ"** (အပိုင်း–၁၁)
၁၃း၁၅ ၇။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
၁၃း၂၅ ၈။ **"ကိုယ်ချင်းစာ"** ပြေတီဦး၊ ခင်ဇာခြည်ကျော် (ဒါရိုက်တာ–ဦးခင်ဇော်)
၁၄း၀၀ ၉။ သီပေါလားရှိုးရိက္ခာဖြိုး တိုးပွားနေမည် စပါးဆင်းရွှေလီ
၁၄း၁၀ ၁၀။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၄း၂၅ ၁၁။ အတီးပြိုင်ပွဲ
၁၄း၃၅ ၁၂။ **"သတိတစ်ချက် တစ်သက်အမှား"** ကျော်မင်းနောင်၊ ကြည်လဲ့လဲ့ဦး၊ နန်းကလျာလှိုင်၊ သကြိန်အောင် (ဒါရိုက်တာ–စောစန္ဒာလှိုင်)
၁၄း၄၅ ၁၃။ International News
၁၅း၀၀ ၁၄။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ English for Everyday Use
၁၆း၄၀ ၄။ တေးဂီတအစီအစဉ်
၁၆း၅၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(ရုက္ခဗေဒအထူးပြု) [ရုက္ခဗေဒ]
၁၇း၀၅ ၆။ အဆိုပြိုင်ပွဲ
၁၇း၁၅ ၇။ နားဝင်ပီယံသူ့လက်သံ
၁၇း၂၅ ၈။ တေးဂီတအစီအစဉ်
၁၇း၃၅ ၉။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၈း၀၀ ၁၀။ ညနေခင်းသတင်း
၁၈း၃၀ ၁၁။ မိုးလေဝသအခြေအနေ
၁၈း၃၅ ၁၂။ Discovery
၁၈း၅၀ ၁၃။ အရေးပြိုင်ပွဲ
၁၈း၅၅ ၁၄။ ရုပ်မြင်ရသတေးစုကဏ္ဍ
၁၉း၁၀ ၁၅။ အတီးပြိုင်ပွဲ
၁၉း၂၀ ၁၆။ တေးဂီတအစီအစဉ်
၁၉း၃၅ ၁၇။ အကပြိုင်ပွဲ
၁၉း၄၅ ၁၈။ ၂၀၀၆ ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန်(မဟာဂီတ) (အဆင့်မြင့်ပညာအဆင့်) (အမျိုးသား/အမျိုးသမီး)
၂၀း၀၀ ၁၉။ ပြည်တွင်းသတင်း
၂၀။ နိုင်ငံတကာသတင်းများ
၂၁။ မိုးလေဝသအခြေအနေ
၂၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **"မေတ္တာပန်းတိုင်"** (အပိုင်း–၉)
၂၃။ နောက်တစ်နေ့အစီအစဉ်
၂၄။ အစီအစဉ်ပြီး၏။

စိတ်အာရုံခံစားမှုရသ အပြည့်အဝပေးစွမ်းနိုင်သည့် "မရမ်းကုန်းမြို့နယ်ပန်းချီပြပွဲ"သို့ တစ်ခေါက်

ခံစားတင်ပြသူ - မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံလက်ရာ - တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဩဂုတ် ၁၁

ပန်းချီကားတစ်ချပ်သည် ခံစားမှုရသကိုပေးစွမ်းနိုင်သည်၊ စိတ်အာရုံဖိစီးမှုကို ပြေလျော့စေနိုင်သည်၊ ခေတ်ကို ထင်ဟပ်စေနိုင်သည်၊ လက်ရှိပန်းချီအနုပညာအဆင့်အတန်းကို ဖော်ကျူးနိုင်သည်ဆိုလျှင် ထိုပန်းချီကားသည် တန်းဝင် ပန်းချီကားတစ်ချပ်ပင် ဖြစ်ပေသည်။

ထိုသို့သော တန်းဝင်ပန်းချီကားများချည်းသာ ခင်းကျင်းပြသထားသည့် **"မရမ်းကုန်းမြို့နယ် ပန်းချီပြပွဲ"**ကို ရန်ကုန်မြို့ ဗိုလ်ချုပ်ဈေးအရှေ့ဘက်တန်းရှိ မြန်မာနိုင်ငံ ပန်းပညာရှင်များအစည်းအရုံး (ဗဟို) ပြခန်း၌ ဩဂုတ် ၈ရက်မှ ၁၄ရက်အထိ ခင်းကျင်းပြသရာသို့ လေ့လာရေး တစ်ခေါက်ရောက်ခဲ့သည်။

ပန်းချီဆရာ စစ်မိုးအောင်၏ ရွှေဟောင်းဘုန်းတော်ကြီးကျောင်း ရေဆေးပန်းချီကားမှာ ဤသို့ အမြင်ဆန်းလှသည်။
ဓာတ်ပုံလက်ရာ-တင်စိုး (မြန်မာ့အလင်း)

ဖော်ကျူး

တည်ငြိမ်ခံ့ညားသော လက်ရာ၊ ခံ့ထည်သော ပန်းချီကားများမှာ ပြခန်းအတွင်း လှမ်းဝင်လိုက်သည်နှင့် စိတ်အာရုံကို ဖမ်းစားလိုက်ပြီ ဖြစ်သည်။ အရောင်အသွေးစုံစုံ၊ အသွင်အပြင်ဆန်းဆန်းဖြင့် လက်စွမ်းပြထားသော ပန်းချီကားတိုင်းမှာ မြန်မာ့ပန်းချီဆရာတို့၏ မနိမ့်သော လက်ရာကို ဖော်ကျူးလှစ်ဟလျက်ရှိသည်။

ပထမဦးစွာ **"ရေလှူသူများ"**ဟု အမည်ပေးထားသော ပန်းချီအုံးကျော်၏ ဆီဆေးပန်းချီကားကို လေ့လာမိသည်။ အညာဒေသတွင် ပူပြင်းသော ရာသီကြောင့် ရေဆာသူများအတွက် ရေအလှူပြုရန် ရေအိုးခေါင်းပေါ်တင် ရွက်လာသော ကလေးငယ် သုံးဦး သဘာဝဟန်ကို အမြင်အတိုင်း ရေးဆွဲထားခြင်းဖြစ်သည်။ အလင်းရောင်ကို ကျောပေးပြီး ရေအိုးရွက်လာသူ မိန်းကလေးငယ်သုံးဦး ဟန်ပန်ကို နီညိုရောင်၊ အဝါရောင်၊ အဖြူရောင်များအဝင်အထွက်မှန်မှန်၊ စုတ်ချက်အတိအကျဖြင့် ဖော်ကျူးထားသည်မှာ ထင်ထင်ရှားရှားရှိလှသည်။ ပန်းချီဆရာ၏ ဆိုလိုရင်းကို ချက်ချင်းသိစေနိုင်အောင် ပီပြင်ပေသည်။

မြန်မာတို့၏ ဘူမိနက်သန်ပုဂံအလှကို အမိအရ ပုံဖော်ပြသနိုင်သော ပန်းချီဆရာမရိရိမြင့်၏ ပန်းချီကား။
ဓာတ်ပုံလက်ရာ-တင်စိုး(မြန်မာ့အလင်း)

လိုက်ဖက်

ကြည့်ရှုသူကိုဆွဲဆောင်လွန်းသည့် နောက်ပန်းချီကားမှာ **"လွတ်လပ်ခြင်း"**ဟု အမည်ပေးထားသော သိန်းဇော်ဝင်း၏ လက်ရာ ပန်းချီကားပင်ဖြစ်သည်။ အခရိုင်းလစ်ဖြင့် ရေးဆွဲထားသော အညာဒေသသဘာဝ ရှုခင်းပုံကို ကြည့်လိုက်သည်နှင့် စိတ်တင်းကျပ်မှုများကို ပြေလျော့သွားအောင် ဖန်တီးတင်ပြထားနိုင်သည်။ တောတန်းများ၊ တောင်များ၊ တိမ်များ လွင့်မျောနေပုံကို အရောင် ခပ်ပါးပါးဖြင့် စုတ်ချက်အသော့နှင်ထားပြီး စမ်းချောင်းနှင့် ဖျိုင်းငှက်များ၏ လွတ်လပ်သော သဘာဝကို အဖြူရောင်လွှလွှသုံးထားသဖြင့် ဟန်ချက်ညီလှသည်။ တော၊ တောင်၊ စမ်းချောင်း တို့၏ သဘာဝအလှကို အနီးအဝေးမြင်ကွင်းများဖြင့် စုတ်ချက်ညက်ညက်သုံးထားသည်မှာ လိုက်ဖက်လှသည်။

ရင်ကိုရိုက်ခတ်

တစ်ဖန် ပန်းချီဆရာစစ်မိုးအောင်၏ **"ရွှေဟောင်း ဘုန်းတော်ကြီးကျောင်း"**အမည်ရှိ ပန်းချီကားမှာလည်းအမြင်ဆန်းလှသည်။ စစ်ကိုင်းဘက်ရှိ ရွှေဟောင်းဘုန်းတော်ကြီးကျောင်းတစ်ကျောင်း၏ အဝင်လှေကားကို အောက်မှ အမြင်အတိုင်း အနီးကပ် ရေဆေးဖြင့် ခြယ်မှုန်းထားခြင်းဖြစ်သည်။ ထုထည်ကောင်းသောလက်ရန်း အကာများကို အဖြူရောင်အားကောင်းကောင်း၊ လှေကားထစ်များပေါ်ကျသည့် အရိပ်ကို အရောင်ခပ်ပြေပြေနှင့်လှေကားအတိုင်း တက်လှမ်းသွားသည့် ရဟန်းတော်တစ်ပါး၏ သင်္ကန်း နီညိုရောင်ကို ခပ်ရင့်ရင့် အသုံးပြုရေး ဆွဲထားမှုမှာ အမြင်ရှင်းပြီး အဆင့် မြင့်လှသော ပန်းချီကား တစ်ချပ်အဖြစ်ကြည့်သူရင်ကိုရိုက်ခတ် လျက်ရှိသည်။

ပန်းချီဆရာမ နီနီလွင်၏ ကြိုးကြာအလှ ကျောက်စီပန်းချီကားမှာလည်း စိတ်အာရုံဖမ်းစားခြင်းခံရသည်အထိ ဖြစ်ရသည်။
ဓာတ်ပုံလက်ရာ-တင်စိုး(မြန်မာ့အလင်း)

စိတ်အာရုံ

ပန်းချီပြခန်း၌ ပန်းချီဆရာ ၁၀ဦးတို့၏ ပန်းချီကားပေါင်း ၇၃ ကားအနက် အထူးခြားဆုံးပန်းချီကားမှာ ပန်းချီဆရာမ နီနီလွင်၏ **"ကြိုးကြာအလှ"** ကျောက်စီပန်းချီကား ဖြစ်သည်။ သုံးထပ်သားအောက်ခံပေါ်တွင် ပိတ်စခင်းကာ ကောက်ကြောင်းချပြီး ရောင်စုံကျောက်လေးများဖြင့် စီခြယ်ပြသထားခြင်းဖြစ်သည်။ သစ်ပင်၊ ကြိုးကြာငှက်၊ ရေပြင်၊ ရေတံခွန်တို့၏ သဘာဝရှိရင်းအရောင်များအတိုင်း ကျောက်များကိုအရောင်ရွေးကာ စီခြယ်ရေးဆွဲထားရာ မှင်တက်မိစရာကောင်းအောင် စိတ်အာရုံဖမ်းစားခြင်းခံရသည်အထိ ဖြစ်ရသည်။

အခရိုင်းလစ်

ထို့အပြင် ပန်းချီဆရာမရိရိမြင့်၏ **"ပုဂံအလှ"**အမည်ရှိ ပန်းချီကားမှာ အခရိုင်းလစ်ဖြင့် ရေးဆွဲထားသော (၂၄လက်မ X ၃၀လက်မ) ဆိုက်ကြီး ပန်းချီကားဖြစ်သည်။ ပုဂံရှိ သဗ္ဗညုဘုရားမြင်ကွင်းကို အဝေးရှိအမြင့်တစ်နေရာမှ ဖူးတွေ့ရသည့်ပုံဖြစ်သည်။ ညနေဆည်းဆာချိန် ပုဂံအလှမြင်ကွင်းကို နီညိုရောင်ရင့်ရင့်၊ နေ့အလင်းရောင်ပျောက်ကွယ်စ အနေအထားကို အရောင်မှိုင်းမှိုင်းဖြင့် စုတ်ချက်နိုင်နိုင် ခြယ်မှုန်းထားရာ ဘုရားအားကြည်ညိုစိတ် မြင်ကွင်းအားလွမ်းမောစရာစိတ် ဖြစ်ရသည်။ မြန်မာတို့၏ ပုဂံအလှကို အမိအရ ပုံဖော်ပြသနိုင်သော ပန်းချီကားဖြစ်သည်။

မြန်မာပန်းချီဆရာတို့၏ အချိန်ပြည့် ကြိုးစားနေမှုများကား ပန်းချီပြပွဲများ အဆက်မပြတ်ပြုလုပ်လာမှုက ထင်ထင်ရှားရှား ပြသနေသည်ဖြစ်ရာ မြန်မာ့ပန်းချီပညာရပ်ကို တန်ဖိုးထားလေးစားသော ပြည်သူများအနေဖြင့်**"မရမ်းကုန်းမြို့နယ် ပန်းချီပြပွဲ"**သို့ အချိန်မီသွားရောက်လေ့လာကြည့်ရှုသင့်ပါကြောင်း ခံစားတင်ပြသတင်းစကားပါးလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

လွတ်လပ်ခြင်းဟု အမည်ပေးထားသော သိန်းဇော်ဝင်း၏ ပန်းချီကားမှာ တောတောင်စမ်းချောင်းတို့၏ သဘာဝအလှကို အခရိုင်းလစ်ဖြင့် ဤသို့ရေးဆွဲဖော်ကျူးထားသည်။
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

တရုတ်အရှေ့တောင်ပိုင်း မုန်တိုင်းကြီးမွှေနှောက် အနည်းဆုံး ၈၃ဦးသေဆုံး၊ နေအိမ်အများအပြားပျက်စီး

တရုတ် အရှေ့တောင်ပိုင်း၌ ဆော်မိုင်အမည်ရှိ မုန်တိုင်းဝင်ရောက်မွှေနှောက် တိုက်ခတ်မှုကြောင့် အနည်းဆုံးလူ ၈၃ ဦး သေဆုံးသွားပြီ ဖြစ်ကြောင်း အင်တာနက် သတင်းတစ်ရပ်၌ ဩဂုတ် ၁၁ ရက်က ဖော်ပြသည်။

တိုက်ခတ်နေ

ယင်းမုန်တိုင်းသည် တရုတ်နိုင်ငံ၌ အနှစ် ၅၀အတွင်း အပြင်းထန်ဆုံး ဖြစ်ကြောင်း၊ ယင်းမုန်တိုင်းသည် တစ်နာရီလျှင် ၁၂၄ မိုင်နှုန်းဖြင့် အဆိုပါ ဒေသရှိ ကမ်းခြေများတစ်လျှောက် မိုးများသည်းထန်စွာ ရွာသွန်းခြင်းနှင့် အတူ ဆက်လက်တိုက်ခတ်နေကြောင်း သတင်း၌ ဖော်ပြသည်။

အဆိုပါ မုန်တိုင်းဝင်ရောက်လာခြင်းမတိုင်မီ လူပေါင်း တစ်သန်းကျော် ယာယီတဲများရှိရာသို့ ပြောင်းရွှေ့ခဲ့ရသည်ဟုဆိုသည်။ ၎င်းမုန်တိုင်းကြောင့် နေအိမ် ၇၀၀၀ကျော် ပျက်စီးသွားကြောင်း မီဒီယာတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ထိုမုန်တိုင်းမှာ ဇီကျန်း ပြည်နယ်၏ မြို့တော်ဝမ်ကျိူ့၌ ဩဂုတ် ၁၀ ရက်ညနေပိုင်းက မြေပြိုခဲ့သဖြင့် အသေအပျောက် အများဆုံး ဖြစ်ခဲ့သည်ဟုဆိုသည်။

ဖော်ပြ

ကျင်ကျန်းမြို့၌ အဆောက်အအုံတစ်ခု ပြိုကျခဲ့ရာ ကလေးရှစ်ဦး သေဆုံးခဲ့မှုအပါအဝင် ကျေးရွာသားအနည်းဆုံး ၄၁ ဦး သေဆုံးသွားကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

မုန်တိုင်းမှာ နေအိမ်အခန်းများထဲသို့ အားပြင်းစွာဖြင့် ဝင်ရောက်တိုက်ခတ်သဖြင့် နေအိမ်အများအပြားပျက်စီးပြိုပျက်ခဲ့ကြောင်း ကျင်ကျန်းတာဝန်ရှိသူ တစ်ဦးက ရိုက်တာနယူးစ်အေဂျင်စီသို့ ပြောကြားသည်။

ဇီကျန်းပြည်နယ် ဒေသအချို့၌ အခြားလူ ၂၈ဦး သေဆုံးခဲ့ကြောင်း၊ သုံးဦးပျောက်ဆုံးနေကြောင်း ဆင်ဟွာက ဖော်ပြသည်။

သေဆုံးခဲ့

အဆိုပါ မုန်တိုင်းမှာ ယခုနှစ် တရုတ်နိုင်ငံ၌ တိုက်ခတ်သည့် မုန်တိုင်းကြီးများတွင် ရှစ်ခုမြောက် မုန်တိုင်းဖြစ်သည်။ ယခင်အပတ်က ပရာပီရွန်းမုန်တိုင်းကြောင့် လူ၈၀ခန့် သေဆုံးပြီး ဇူလိုင်လက ဘီလစ်မုန်တိုင်းကြောင့် လူ၆၀၀ ကျော် သေဆုံးခဲ့ကြောင်းသိရသည်။ (အင်တာနက်)

အင်တာနက် အထူးသတင်းနှင့် ဓာတ်ပုံ

● *ကျောဖုံးမှ*

ပေါင်းစပ်ဆောင်ရွက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက နိုင်ငံခြားငွေ ရရှိသည့် လုပ်ငန်းဖြစ်၍ ကုန်ပစ္စည်းများ တိုးတက်ထုတ်လုပ်ရေး၊ ကြိမ်ထည်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းကို မြို့နယ်၏ လက်မှုကုန်ထုတ်လုပ်ငန်းအဖြစ် သတ်မှတ်တည်ထောင်နိုင်ရန် ဌာနဆိုင်ရာများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် တိုင်းမှူးနှင့် အဖွဲ့ဝင်များလိုက်ပါ၍ ပုသိမ်–မုံရွာလမ်းရှိ မိုင်တိုင်အမှတ် ၅၅သို့ ရောက်ရှိ၍ တံတားပြုပြင်ဆောက်လုပ်မှုလုပ်ငန်းကို ကြည့်ရှုစစ်ဆေးရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူတို့က တံတားဆောက်လုပ်ရေး အစီအမံများကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

တက်ရောက်

ယင်းနောက်ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် တိုင်းမှူးနှင့် အဖွဲ့ဝင်များလိုက်ပါ၍ မြန်အောင်မြို့နယ် မျှင်ဝါးတောင်ကျေးရွာရှိ ခြံစည်းရိုးကြက်ဆူပင်စိုက်ခင်း၌ ကျင်းပသည့် မြန်အောင်မြို့နယ် ခြံစည်းရိုးကြက်ဆူပင် ဧက၅၀ စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ရှေးဦးစွာ မြန်အောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သိန်းက မြန်အောင်မြို့နယ်၌ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

တစ်အုပ်တစ်မ စိုက်ပျိုး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက ဇီဝဒီဇယ်ဆီ ထုတ်လုပ်နိုင်သည့် ခြံစည်းရိုးကြက်ဆူပင်များကို နိုင်ငံတော်က အမြော်အမြင်ကြီးမားစွာဖြင့် ပြည်နယ်နှင့် တိုင်းအသီးသီး၌ သုံးနှစ်အတွင်း ဧက ငါးသိန်းစီ စိုက်ပျိုးရန် သတ်မှတ်ပေးထားရာ ပြည့်မီအောင် စိုက်ပျိုးကြစေလိုကြောင်း၊ ခြံစည်းရိုးကြက်ဆူပင်မှ ထုတ်လုပ်ရရှိသည့် ဇီဝဒီဇယ်ဆီကို အိမ်သုံး၊ လယ်ယာလုပ်ငန်းသုံး၊ စက်ကိရိယာသုံး လောင်စာအဖြစ် အသုံးပြုနိုင်သဖြင့် ဒေသခံပြည်သူများ အနေဖြင့် တစ်ပိုင်တစ်နိုင်မှသည် တစ်အုပ်တစ်မ စိုက်ပျိုးသွားကြရန် လိုအပ်ကြောင်း၊ ဒေသခံ ပြည်သူများအနေဖြင့်လည်း မြို့နယ်အတွင်း သတ်မှတ်ပေးထားသည့် စိုက်ဧက ပြည့်မီအောင် ဆောင်ရွက်နေသည်ကိုတွေ့ရ၍ဂုဏ်ယူပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်တို့က လူမှုရေးအသင်းအဖွဲ့များနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများအား ခြံစည်းရိုးကြက်ဆူပျိုးပင်များကို ဝေငှပေးအပ်ကြသည်။

ကြည့်ရှု

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်တို့က ခြံစည်းရိုး ကြက်ဆူပျိုးပင်များကို စိုက်ပျိုးပေးကြပြီး ခြံစည်းရိုး ကြက်ဆူပင်စိုက်ပျိုးပွဲ အခမ်းအနား၌ စိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

မြန်အောင် မြို့နယ်အတွင်း ယခုနှစ်တွင် ခြံစည်းရိုးကြက်ဆူပင် ဧက ၈၅၀ စိုက်ပျိုးရန်လျာထားရာ ၉၁၁ဧက စိုက်ပျိုးပြီးစီးကြောင်း သိရှိရသည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့်ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် တိုင်းမှူးနှင့် အဖွဲ့ဝင်များနှင့်အတူ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၉) က မြန်အောင်မြို့နယ် မျှင်ဝါးတောင်ကျေးရွာအနီးရှိ မမြချောင်းပေါ်၌ တည်ဆောက်လျက်ရှိသည့် မမြရေလှောင်တမံ စီမံကိန်းသို့ရောက်ရှိ ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၉)မှဒုတိယညွှန်ကြားရေးမှူး ဦးကျော်မြင့်လှိုင်က တမံတည်ဆောက်ခြင်း၊ ရေထုတ်ပြွန် တည်ဆောက်ခြင်း၊ ရေပိုလွှဲ တည်ဆောက်ခြင်းနှင့် ဆည်ရေသောက် စနစ်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ထားမှုတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ဆည်အတွင်း ရေဝင်မှုနှင့် ရေထုတ်ပြွန် ရေပိုလွှဲ လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကိုလည်းကောင်း၊ မမြ ရေလှောင်တမံ စီမံကိန်း၏ ဧက ၂၀ ခြံစည်းရိုး ကြက်ဆူပင်စိုက်ခင်းကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ကာကွယ်နိုင်

မမြရေလှောင်တမံ စီမံကိန်းသည် ရောဝတီတိုင်း မြန်အောင်မြို့နယ် ပုသိမ်–မုံရွာ ကားလမ်းဘေးရှိ မျှင်ဝါးတောင်ကျေးရွာ၏ အနောက်မြောက်ဘက် တစ်မိုင်ခွဲခန့်အကွာတွင် တည်ရှိပြီး တမံအလျားမှာ ပေ ၁၁၈၀၀၊ တမံအမြင့်မှာ ပေ ၁၅၀၊ ရေလှောင်ပမာဏဧကပေ ၇၀၀၀၀ သို လှောင်၍ မြန်အောင်မြို့နယ်အတွင်းရှိ လယ်မြေဧက ၁၀၀၀၀ကို ရေသွင်း စိုက်ပျိုးနိုင်မည့်အပြင် မမြချောင်း ဝဲယာ တစ်လျှောက်ရှိ လယ်ယာမြေများ ရေကြီးနစ်မြုပ်ခြင်းမှ ကာကွယ်နိုင်မည် ဖြစ်သည်။

ရေပေးဝေနိုင်မည်

မမြရေလှောင်တမံမှ ၂၀၀၅–၂၀၀၆ ခုနှစ် နွေစပါးရာသီတွင် မြန်အောင်မြို့နယ်၌ စိုက်ပျိုးထားသည့် နွေစပါးစိုက်ဧက ၂၀၀၀ကို စိုက်ပျိုးရေ ပေးဝေနိုင်ခဲ့ပြီး ၂၀၀၇ခုနှစ် ဖေဖော်ဝါရီတွင် စီမံကိန်းပြီးစီးသွားသည့်အခါ ဧက ၁၀၀၀၀သို့ ရေပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ကြံခင်းမြို့နယ်၌ မြန်မာ့မီးရထားက ဆောင်ရွက်လျက်ရှိသည့် ဟင်္သာတ–ကြံခင်းလမ်းပိုင်းရှိ တံတားအမှတ် (၁၂၂) ဖားတစ်ရှဉ်း တံတားတည်ဆောက်ရေးလုပ်ငန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ မြန်မာ့မီးရထား မြို့ပြအင်ဂျင်နီယာဌာနမှ အင်ဂျင်နီယာမှူး ဦးမျိုးဝင်းက တံတားတည်ဆောက်ရေးလုပ်ငန်းစီမံချက်နှင့် ဆောက်လုပ်ရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ဖားတစ်ရှဉ်း တံတားတည်ဆောက်ရေးလုပ်ငန်းခွင်ကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးကာ စံချိန် စံညွှန်းကောင်းမွန်စွာဖြင့် သတ်မှတ်ကာလ အတွင်းပြီးစီးနိုင်ရန် ကြိုးပမ်းဆောင်ရွက်ရေး မှာကြားသည်။

အဆိုပါ ဖားတစ်ရှဉ်းတံတားဟောင်းကို ၁၉၂၃ခုနှစ်တွင် တည်ဆောက်ခဲ့ပြီး သက်တမ်းကာလ ၈၃နှစ်ကြာမြင့်ပြီဖြစ်ကာ ယိုယွင်းပျက်စီးမှုများ ဖြစ်ပေါ်လာ၍ ယခုကဲ့သို့ အရှည် ၄၆၉ပေရှိ တံတားသစ်ကို တည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။

မှာကြား

ယင်းနောက်ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ကြံခင်းမြို့နယ် ပေါက်နွယ်ခမ်းကျေးရွာ ပုသိမ်–မုံရွာလမ်းဘေးဝဲယာ၌ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၏ ဧက ၅၀ ခြံစည်းရိုးကြက်ဆူပင်စိုက်ခင်း၌ ကြက်ဆူပင်နှင့် ပဲပုပ်စိုက်ပျိုးထားမှုကို လည်းကောင်း၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၏ ခြံစည်းရိုးကြက်ဆူပင် ဧက၂၀ စိုက်ခင်းနှင့် မြို့နယ်ရဲတပ်ဖွဲ့၏ ခြံစည်းရိုးကြက်ဆူပင် ၁၀ဧကစိုက်ခင်း တို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း ရေကြည်မြို့ ဦးခင်စန်း၏ ရွှေအိုးကြီး ကြိမ်နှင့်ဝါး အိမ်သုံးနှင့် လူသုံးကုန်ပစ္စည်းဘောဂ လက်မှုလုပ်ငန်းကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်သို့ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ်လာရောက်တွေ့ဆုံ

ရန်ကုန် ဩဂုတ် ၁၁

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌကိုယ်စား ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးအား ရန်ကုန်မြို့ရှိ ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (UNICEF) မှ ဌာနေကိုယ်စားလှယ် Mr. Ramesh M. Shrestha သည် ယနေ့နံနက်၁၀နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

တက်ရောက်

တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့်အတူ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဆွေးနွေး

ယင်းသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များက အဖွဲ့ချုပ်အကြောင်း၊ ရှေ့လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြပြီး ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF) က ၂၀၀၆–၂၀၁၀ခုနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များနှင့် ပညာရေး၊ ကျန်းမာရေးအခန်းကဏ္ဍတို့တွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ပူးပေါင်းဆောင်ရွက်ရေးကို ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

မင်္ဂလာဈေးဓမ္မာရုံ ရွှေပြည်ဟိန်းအာယုဒါန

ရန်ကုန် ဩဂုတ် ၁၁

ဝါခေါင်လဆန်း ၇ရက်က ကျင်းပသော ရွှေတိဂုံစေတီအရှေ့မုခ် မင်္ဂလာဈေး ဓမ္မာရုံဓမ္မသဘင်၌ ရန်ကင်း ပြည်သာယာ ရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးခန်းအတွက် မင်္ဂလာဈေး ကိုကျော်ဝင်းအောင်–မသော်သော် ဆေးဆိုင်မိသားစုက ငွေကျပ် သုံးသိန်း၊ အလှူရှင်တစ်ဦးက ငွေကျပ်နှစ်သိန်းနှင့် မင်္ဂလာဈေးဓမ္မာရုံ ဓမ္မသဘင် ဖြစ်မြောက်ရေးအဖွဲ့က ငွေကျပ် တစ်သိန်းငါးထောင် စုစုပေါင်း ငွေကျပ် ခြောက်သိန်းငါးထောင်ကို လှူဒါန်းကြသည်။ ဆေးနှင့် အလှူငွေများကို ရွှေပြည်ဟိန်းကျောင်း ကျိုက္ကဆံစူပါဝမ်း တာမွေလေး သံလမ်းအနီး ဖုန်း– ၅၄၁၄၉၃သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

နှစ်သိမ့်ဆွေးနွေး အကြံပေးသင်တန်းဆင်း

ရန်ကုန် ဩဂုတ် ၁၁

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော နှစ်သိမ့်ဆွေးနွေး အကြံပေးသင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ညနေ ၃နာရီက ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေ၊ သင်တန်းနည်းပြများဖြစ်ကြသော မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူး အဖွဲ့ဝင် ဒေါ်ထူးရော်၊ အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးလုပ်ငန်းအဖွဲ့ခွဲခေါင်းဆောင် ပါမောက္ခ ဒေါ်ဌေးဌေး၊ ရန်ကုန် အဝေးသင်တက္ကသိုလ် စိတ်ပညာဌာန တွဲဖက်ပါမောက္ခ ဒေါ်သက်ထားဝင်း၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မျိုးသူနှင့် တိုင်းအလုပ် အမှုဆောင်အဖွဲ့ဝင်များ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ နာယကများနှင့် ဥက္ကဋ္ဌများ၊ ရန်ကုန်တိုင်းအတွင်း ခရိုင်များရှိ နှစ်သိမ့်ဆွေးနွေးအကြံပေးဌာနများမှ အဖွဲ့ဝင်များနှင့် သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဆင်းလက်မှတ်ပေး

ရှေးဦးစွာ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေက သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။ **(ဝဲပုံ)** ထို့နောက် သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

စပါးခွံလောင်စာသုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံ ဝိုင်းမော် ခတ်ချိုကျေးရွာ၌ဖွင့် ဖွံ့ဖြိုးရေးလုပ်ငန်းများအောင်မြင်ရေး ဌာနဆိုင်ရာနှင့်ပြည်သူများဝိုင်းဝန်းကြိုးပမ်း

နေပြည်တော် ဩဂုတ် ၁၁

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် ခတ်ချိုကျေးရွာ မီးလင်းရေးစပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်ပွဲကို ဩဂုတ်၄ရက် နံနက်ပိုင်းက ခတ်ချိုကျေးရွာရှိ အဆိုပါ လျှပ်စစ်ဓာတ်အားပေးစက်ရုံ၌ကျင်းပရာ အခမ်းအနားသို့ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ ကချင်ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး၏ ဇနီး ဒေါ်နုနုဆွေ၊ တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများ၊ လျှပ်စစ်မီးရရှိရေး ကော်မတီဝင်များ၊ ဒေသခံပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့် ဝိုင်းမော်မြို့နယ် ခတ်ချိုကျေးရွာ စပါးခွံသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကို မီးခလုတ်တင်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ဖွင့်လှစ်ပေး

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်အုန်းမြင့်က ကျေးရွာစပါးခွံသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကို မီးခလုတ်တင်၍ ဖွင့်လှစ်ပေးသည်။

ရှင်းလင်းမှာကြား

ယင်းနောက် တိုင်းမှူးက ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ် အောင်မြင်ရေးအတွက် ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေးနှင့် လိုအပ်သည်များကို ပံ့ပိုးဆောင်ရွက်ပေးမည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းမှာကြားကာ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝါတွင်းကာလ ဒုတိယအကြိမ် တရားစခန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၁၁

မိုးကုတ်ဝိပဿနာ နယ်လှည့်ဓမ္မကထိကကမ္မဋ္ဌာနစရိယ အောင်ချမ်းသာ ဆရာတော် အရှင်စန္ဒသူရိယသည် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ် ၁၆ရပ်ကွက် မြို့ဦးစေတီ ဘူတာရုံ ဓမ္မရိပ်သာကျောင်းတိုက်တွင် ၁၃၆၈ ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၀ရက် (ဩဂုတ်၁၈ရက်)ကြာသပတေးနေ့မှ ဝါခေါင်လကွယ် (ဩဂုတ်၂၂ရက်) အင်္ဂါနေ့အထိ ဝါတွင်းကာလ ဒုတိယအကြိမ် တရားစခန်း ဖွင့်လှစ်မည်ဖြစ်ကြောင်းနှင့် တရားစခန်းဝင်မည့် ယောဂီများ အိပ်ရာလိပ်နှင့် အသုံးအဆောင်ပစ္စည်းများ ယူဆောင်လာကြရမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီးဦးညဏ်ဝင်းအား ဖိလစ်ပိုင် သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး အယ်လ်ဘာတိုရိုမြူလိုနှင့် အဖွဲ့ဝင်များ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

အိန္ဒိယနိုင်ငံမဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧကဝယ်ယူရန်အတွက် အဘွား ဒေါ်ပုတင်(ရေးမြို့)အား ရည်စူး၍ ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ထောက်ကြံ့တိုးချဲ့ရပ်ကွက် ဗိုလ်တေဇလမ်း အမှတ်၃/၄၅၂ နေ ဦးအောင်အောင်မိုး (ဒု/လဝက)-ဒေါ်မိုးသီတာ(ချမ်းမြေ့စတိုး)မိသားစုက အလှူတော်ငွေ ကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းအမှုဆောင်ဆရာတော် အရှင်ကုသလ (M.A) ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

အိန္ဒိယနိုင်ငံမဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧကဝယ်ယူရန်အတွက် နှစ်ဖက်ဘိုးဘွားမိဘများအား အမှူးထား၍ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်၂၀၊ ၁၁၃လမ်းနေ ဦးစစ်စံ-ဒေါ်သန်းလှမိသားစုက အလှူတော်ငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့်အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အကျိုးတော်ဆောင်ဆရာတော် ဒေါက်တာ အရှင်သုန္ဒရ(လုမ္ဗိနီ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

သနန္တနစမ္မပါလကအဖွဲ့ချုပ် ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဩဂုတ် ၁၁

သနန္တနစမ္မပါလက အဖွဲ့ချုပ်ကြီးမှူး၍ ဟိန္ဒူမိသားစုဝင်များ စုပေါင်း၍ ကမ္ဘာအေးကုန်းမြေကျောင်းဆောင်သစ်တွင် သီတင်းသုံးတော်မူကြသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများနှင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်မှ သံဃာတော်များအား ဩဂုတ် ၂၀ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကမ္ဘာအေးကုန်းမြေ မိုးကုတ်ဆွမ်းစားကျောင်း၌ ဝါဆိုသင်္ကန်းနှင့် ဆွမ်းဆက်ကပ် လှူဒါန်းမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

အဆိုပါ လှူဒါန်းပွဲသို့ ဟိန္ဒူမိသားစုဝင်များ တက်ရောက်ကြရန်နှင့် ပါဝင်လှူဒါန်းလိုသူများသည် ဖုန်း-၂၅၆၇၁၇၊ ၅၂၅၁၆၅၊ ၂၄၂၇၅၁နှင့် ၂၅၁၄၈၆တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ဖိလစ်ပိုင်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး၊ ဇနီးနှင့်အဖွဲ့ဝင်များ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရန်ကုန်မြို့သို့ရောက်ရှိလာ

နေပြည်တော် ဩဂုတ် ၁၁

၂၀၀၆ခုနှစ်သည် မြန်မာ-ဖိလစ်ပိုင်နှစ်နိုင်ငံသံတမန်ဆက်သွယ်မှုတည်ထောင်သည့် နှစ်(၅၀)ပြည့်မြောက်သည့် နှစ်ဖြစ်သည်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးဦးညဏ်ဝင်း၏ ဖိတ်ကြားချက်အရ ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး အယ်လ်ဘာတိုရိုမြူလိုသည် ဇနီးနှင့်အဖွဲ့ဝင်များလိုက်ပါလျက် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာသည်။

ကြိုဆိုနှုတ်ဆက်

ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး အယ်လ်ဘာတိုရိုမြူလို၊ ဇနီးနှင့်အဖွဲ့ဝင်များအား နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းနှင့်ဇနီး၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး မဒမ်ဖိုဘီအေဂိုမက်ဇ်နှင့်သံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးများခေါင်းဆောင်သည့် နှစ်ဖက်ကိုယ်စားလှယ် အဖွဲ့ဝင်များသည် ညနေ၆နာရီတွင် ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်၌ ခင်မင်ရင်းနှီးစွာ တွေ့ဆုံ၍ အမြင်ချင်းဖလှယ်ကြသည်။

တည်ခင်းဧည့်ခံ

ညပိုင်းတွင်ဝန်ကြီးဦးညဏ်ဝင်းနှင့် ဇနီးတို့က ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၊ ဇနီးနှင့် အဖွဲ့ဝင်များအား ဆီဒိုးနားဟိုတယ်၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

ကြည့်ရှုလေ့လာ

ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး၊ ဇနီးနှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် အမျိုးသားပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာကြပြီး ညပိုင်းတွင် ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

(သတင်းစဉ်)

အမေ့မေတ္တာစာမူပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၁

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ကျိုက္ကလော့ပရိယတ္တိစာသင်တိုက် မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၏ သုံးကြိမ်မြောက် အမေ့မေတ္တာ စာမူပြိုင်ပွဲဆုချီးမြှင့်ပွဲကို ၁၃၆၈ခုနှစ် သီတင်းကျွတ်လပြည့်နေ့ည ၇နာရီတွင် ကျင်းပမည်ဖြစ်ရာ အမေ့မေတ္တာသရုပ်ဖော်ဆောင်းပါး၊ ဝတ္ထုတို၊ ကဗျာရှည် စာမူများ ရေးသားပေးပို့ကြရန် ဖိတ်ခေါ်ထားသည်။

စာမူပိတ်ရက်မှာ စက်တင်ဘာ၁၀ရက်ဖြစ်ပြီး ဆရာကြီး ဒေါ်ယုဇနဝတီ ကျိုက္ကလော့ ပရိယတ္တိစာသင်တိုက် မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ မင်္ဂလာဒုံ စာတိုက် ဖုန်း-၀၁-၆၃၅၆၃၂၊ ၀၉-၅၁-၀၅၆၆၅ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)

ကမ်းရိုးတန်းဒေသများ၌ နေရာကွက်၍မိုးကြီးနိုင်

ရန်ကုန် ဩဂုတ် ၁၁

လွန်ခဲ့သော ၂၄ နာရီအတွင်းက မန္တလေးတိုင်းတွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်နှင့် မကွေးတိုင်းတို့၌ နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးရွာခဲ့ပြီး မွန်ပြည်နယ်နှင့်တနင်္သာရီတိုင်းတို့၌ နေရာကွက်၍ မိုးကြီးခဲ့သည်။

ယနေ့ နံနက် ၉နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအလွန်ကောင်းနေသည်။

ဩဂုတ် ၁၂ရက် ညနေအထိ ခန့်မှန်းချက်အရ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့်စစ်ကိုင်းတိုင်း အထက်ပိုင်းတို့၌ နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးရွာပြီး ကမ်းရိုးတန်းဒေသများ၌ နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင်၄၀ အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေအားကောင်းမည်ဟုသိရသည်။

(မြန်မာ့အလင်း)

မြို့နယ်ဘဏ်ခွဲများ ဦးဆောင်ညွှန်ကြားရေးမှူးစစ်ဆေး

ရန်ကုန် ဩဂုတ် ၁၁

ပဲခူးတိုင်းအတွင်းရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်များသို့ ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်လွှမ်းသည် ဒုတိယအထွေထွေမန်နေဂျာ ဦးချစ်သိမ်းနှင့် ပဲခူးတိုင်းမန်နေဂျာ ဒေါ်နုနုအေးတို့ လိုက်ပါပြီး ဇူလိုင် ၁၇ရက်နှင့် ၁၈ရက်များတွင် ပဲခူးတိုင်းအနောက်ခြမ်းရှိ မြို့နယ်ဘဏ်ခွဲများသို့လည်းကောင်း၊ ဇူလိုင်၃၀ ရက်နှင့် ၃၁ရက်များက ပဲခူးတိုင်း အရှေ့ခြမ်း မြို့နယ်ဘဏ်ခွဲများသို့လည်းကောင်း လှည့်လည်စစ်ဆေးသည်။

ဦးဆောင်ညွှန်ကြားရေးမှူးသည် ချေးငွေနှင့် ပတ်သက်၍ ဘဏ်ခွဲများ လိုက်နာရမည့် မူဝါဒနှင့် စည်းကမ်းသတ်မှတ်ချက်များ၊ ဘဏ်ခွဲများအရှုံးမပေါ်ရေး၊ ငွေကြေးအလွဲသုံးစားမှုမဖြစ်ပွားစေရေး၊ ဝန်ထမ်းများ စိတ်ထားဖြူစင်စွာနှင့် အလုပ်ကို ကြိုးစားလုပ်ကိုင်ရေး၊ ဝန်ထမ်းအင်အား လစာပေးမှု မှန်ကန်ရေး၊ လစာစုဆောင်းရေး၊ ဖွံ့ဖြိုးရေးချေးငွေကို တိုးမြှင့်ထုတ်ချေးပြီးဘဏ်အသားတင်အမြတ်ပိုမိုရရှိအောင် ဦးတည်ဆောင်ရွက်ကြရေး၊ ငွေကြေးလုံခြုံမှုရှိစေရေး ဂရုပြုဆောင်ရွက်ရန်မှာကြားသည်။ **(ဝဲပုံ)**

ထုတ်ချေး

၂၀၀၆ ခုနှစ် မိုးသီးနှံထုတ်လုပ်မှုဘဏ်ချေးငွေကျပ်သန်းပေါင်း ၉၂၇၇ ဒသမ၄၄ သန်း၊ ပဲခူးတိုင်း ၂၈မြို့နယ်ရှိတောင်သူပေါင်း ၂၃၅၅၀၀ အား မိုးစပါးဧကပေါင်း ၁၅ဒသမ၄၆သိန်းအတွက် ထုတ်ချေးပေးပြီးကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကလေးများအတွက်အာဟာရ မိခင်နို့သာအဓိက

ဒေါက်တာနီလာအောင်
(ကလေးအထူးကု)

မိခင်နို့တိုက်ကျွေးခြင်းသည် ကလေးသူငယ်များ၏ အသက်ရှင်သန်ကျန်းမာရေး၊ ကြီးထွားဖွံ့ဖြိုးရေးတို့အတွက် အလွန် အရေးကြီးသဖြင့် မိခင်နို့တိုက်ကျွေးရေးကို ယခုထက်ပိုမို လက်ခံကျင့်သုံးကြစေရန် မိခင်နို့တိုက်ကျွေးရေးလှုပ်ရှားမှုများကို နှစ်စဉ် ဩဂုတ်လပထမပတ်၌ ကမ္ဘာတစ်ဝန်းကျင်းပမြဲ ဖြစ်ပါသည်။

ယခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်၏ ဆောင်ပုဒ်မှာ " Code Watch; 25 years protecting breast feeding " ဖြစ်၍ မိခင်နို့အစားထိုးကြော်ငြာများ၊ တားမြစ်ချက်ရှိသည် သတိထားဟူ၍ မြန်မာမှုပြုထားပါသည်။ ဤဆောင်ပုဒ်တွင် ပါရှိသော Codeသည် International code of marketing of breast milk substitutes;မိခင်နို့အစားထိုး အစာများရောင်းဝယ်ရေး အပြည်ပြည်ဆိုင်ရာ ဥပဒေကို ရည်ညွှန်းထားခြင်း ဖြစ်ပါသည်။ ဤဆောင်ပုဒ်၏ ဆိုလိုရင်းမှာ 'မိခင်နို့တိုက်ကျွေးခြင်း'ဟူသော ကောင်းမြတ်သည့် အစဉ်အလာကို အကာအကွယ်ပေးရန်အတွက် မိခင်နို့အစားထိုးအစာများ ရောင်းဝယ်ရေး အပြည်ပြည်ဆိုင်ရာဥပဒေကို ၁၉၈၁ခုနှစ်မှ စတင်ပြဋ္ဌာန်းခဲ့ရာ ယခုနှစ် ၂၀၀၆ခုနှစ်တွင် ၂၅နှစ်တိုင်ခဲ့ပြီဟု ဆိုလိုရင်းဖြစ်ပါသည်။

"တုန္နိုင်းမမီ အမိနို့ရည်"ဟု ဂုဏ်ပြုတင်စားကြသည့်အတိုင်း မည်သည့်နို့အစားထိုးအစားအစာမှ မိခင်နို့ထက် သာလွန်ကောင်းမွန်ဖို့ဝေးစွ၊ မိခင်နို့ရည်နှင့်ဂုဏ်သတ္တိချင်း ယှဉ်တု၍ မရနိုင်ပါ။ နို့အစားထိုးအစာနို့မှုန့်သည် နွားနို့ကိုလူနို့နှင့် အနီးစပ်ဆုံးတူညီရန် အာဟာရဆိုင်ရာဓာတ်ခွဲခန်းကြီးများတွင် သုတေသနပြု ရှာဖွေဖော်ထုတ်ပြီး ထုတ်လုပ်ထားခြင်းဖြစ်သော်လည်း နွားနို့နှင့်လူနို့တွင် ပါဝင်သော အာဟာရဓာတ်များ ပါဝင်ပုံချင်း ကွဲပြားခြားနားပါသည်။ နွားနို့သည် နွားလေးအတွက် အကောင်းဆုံးဖြစ်ပြီး လူနို့သည် လူမည်ရင်သွေးလေးအတွက် အကောင်းဆုံးအာဟာရအဖြစ် သဘာဝတရားကြီးကပေးသော လက်ဆောင်မွန်များ ဖြစ်ပါသည်။

ခေတ်မီနည်းပညာများဖြင့် နွားနို့ကို မိခင်နို့နှင့်တူအောင် တိုးတက်ကြံဆောင် ထုတ်လုပ်ထားကြသော်လည်း မိခင်နို့ကို တူညီအောင် ပြုလုပ်နိုင်ခြင်း မရှိသေးပါ။ ကလေးသူငယ်များကို ရောဂါကာကွယ်ပေးနိုင်သော သက်ရှိဆဲလ်(သွေးဖြူဥ)များနှင့် ပဋိပစ္စည်းများသည် မိခင်နို့တွင်သာ ပါဝင်ပါသည်။ ထို့ကြောင့် မိခင်နို့ကို သောက်စို့ခွင့်ရသော ကလေးများသည် ကလေးသူငယ်များတွင် အဖြစ်များသော ဝမ်းလျှော ဝမ်းပျက်ရောဂါနှင့် အသက်ရှုလမ်းကြောင်းမှ ပိုးဝင်၍ဖြစ်သော အဆုတ်ရောင်ရောဂါများဖြစ်ပွားမှု သိသိသာသာ နည်းပါးသည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့်ပင်လျှင် ကမ္ဘာ့ကျန်းမာရေး ညီလာခံကြီးက ခန့်မှန်းသည်မှာ အကယ်၍ ရင်သွေးငယ်များအားလုံးကို မိခင်နို့တိုက်ကျွေးခဲ့လျှင် ကမ္ဘာပေါ်ရှိ ကလေးများ၏ သေဆုံးနှုန်းကို နှစ်စဉ် ၁ဒသမ၅ သန်းထက်ပို၍ လျှော့ချနိုင်မည်ဟု ခန့်မှန်းထားပါသည်။

မိခင်တစ်ယောက်သည် မိမိရင်သွေးကို ထွေးပိုက်ယုယစွာ နို့ချိုတိုက်ကျွေးနေခြင်းသည် မိခင်က ကလေးကို လိုအပ်သော အာဟာရဓာတ်များသာ ရရှိစေသည်မဟုတ်ဘဲ မိခင်၏ ချစ်ခြင်းမေတ္တာကိုပါ ရရှိစေပါသည်။ ထို့ကြောင့် မိခင်နို့သောက်စို့ရသော ကလေးများသည် စိတ်ဓာတ် လုံခြုံမှုရှိသည်၊ စိတ်ဓာတ် ကျန်းမာကြံ့ခိုင်စေသည်။ မိခင်နှင့် ကလေး အပြန်အလှန်ချစ်ခင်တွယ်တာမှု သံယောဇဉ်ကို ဖြစ်စေပါသည်။ ထို့ကြောင့် မိခင်က မိမိရင်သွေးကို စွန့်ပစ်ခြင်း၊ ကလေးများက မိဘကျေးဇူးမသိတတ်ဘဲ ဆိုးသွမ်းလူငယ်လေးများဖြစ်ခြင်းစသည့် မလိုလားအပ်သော ကိစ္စများဖြစ်ပေါ်မှု နည်းပါးစေပါသည်။

မိခင်နို့အစားထိုး အစားအစာများကို မိခင်နို့နှင့်တူညီစေရန် အာဟာရဓာတ်ဆိုင်ရာ ဓာတ်ခွဲခန်းများတွင် သုတေသနပြု ရှာဖွေဖော်ထုတ်ပြီး ထုတ်လုပ်ရသည့်အတွက် ထုတ်လုပ်သည့်စရိတ် ကြီးမားလှပါသည်။ ထို့ကြောင့် မိခင်နို့အစားထိုး အစားအစာများ၏ ဈေးနှုန်းတန်ဖိုးသည်လည်း ကြီးမြင့်လှပါသည်။ တော်ရုံ မိသားစုဝင်ငွေဖြင့် တတ်နိုင်ဖို့မလွယ်ကူပါ။ ပထမပိုင်း နို့မှုန့်ဝယ်တိုက်ရာမှ ဈေးနှုန်းကြီးမြင့်မှုကို မတတ်နိုင်သည့်အတွက် နောက်ပိုင်းတွင် နို့မှုန့်ကို ရေကျဲကျဲနှင့် ဖျော်တိုက်လျှင်လည်းကောင်း၊ ကလေးနှင့် မသင့်တော်သော တခြားတန်ဖိုးနည်းသည့် နို့အစားထိုးအစားအစာများကို ပြောင်းလဲတိုက်ကျွေးလျှင် လည်းကောင်း ကလေးများသည် အာဟာရချို့တဲ့လာနိုင်ပါသည်။ မိခင်နို့ တိုက်ကျွေးခြင်းတွင်မူ ငွေကုန်ကြေးကျမရှိလှပါ။ မိခင်ကို အာဟာရမျှတသော အစားအစာများ ပိုမိုကျွေးမွေးရသည့် စရိတ်သာလျှင် ရှိပါသည်။

မိခင်နို့အစားထိုးအစာများသည် ဈေးနှုန်းကြီးမြင့်သည့်အပြင် စနစ်တကျ တိုက်ကျွေးနိုင်ရန် စနစ်တကျ တိုက်ကျွေးနည်းကို မိခင်များ၊ မိသားစုများ တတ်မြောက်ကျွမ်းကျင်ရန် လိုအပ်ပါသည်။ သန့်ရှင်းသော ရေကောင်းရေသန့် ရရှိရန်လိုအပ်ခြင်းနှင့် နို့တိုက်သောပစ္စည်းများကို ဆေးကြောရခြင်း၊ ပြုတ်ရခြင်းစသဖြင့် ကရိကထလည်းများလှပါသည်။ ထိုကရိကထကို မခံနိုင်သဖြင့် ဖြစ်သလိုတိုက်ကျွေးလျှင်လည်းကောင်း၊ စနစ်တကျတိုက်ကျွေးနည်းအမှန်ကိုမသိ၍ ထင်သလိုတိုက်ကျွေးလျှင်လည်းကောင်း ကလေးများသည် ဝမ်းလျှော ဝမ်းပျက်ရောဂါများ အလွယ်တကူရရှိနိုင်ပါသည်။ မိခင်နို့မှာမူ နေရာဒေသမရွေး၊ အချိန်အခါမရွေး အဆင်သင့်တိုက်ကျွေးနိုင်သည့်အပြင် အစဉ်အမြဲလတ်ဆတ်သန့်ရှင်းနေပါသည်။

မိခင်နှင့်မိသားစုတွင် ကရိကထမဖြစ်စေသောကြောင့် တခြားကလေးများကို ပြုစုစောင့်ရှောက်နိုင်ခြင်း၊ မိသားစုလုပ်ငန်းများကို လုပ်ကိုင်နိုင်ခြင်းစသည့် အကျိုးကျေးဇူးလည်း ရရှိစေပါသည်။

ထို့ကြောင့် မိခင်နို့တိုက်ကျွေးခြင်းသည် ရင်သွေးလေးများအတွက်သာမက မိခင်၊ မိသားစုနှင့် နိုင်ငံတော်အတွက်ပါ အကျိုးကျေးဇူးရရှိစေသည့်အတွက် မိခင်နို့တိုက်ကျွေးသောဓလေ့ တည်တံ့ခိုင်မြဲရန် အရေးကြီးလှပါသည်။ မိခင်နို့ တိုက်ကျွေးခြင်းဓလေ့ ရေရှည်တည်တံ့ခိုင်မြဲစေရန် အောက်ပါနည်းဗျူဟာများကို ကျင့်သုံးလျက်ရှိပါသည်။

(၁) မိခင်နို့တိုက်ကျွေးခြင်းဓလေ့ တွင်ကျယ်ရန် နည်းအမျိုးမျိုးဖြင့် အားပေးလှုံ့ဆော်ခြင်း။
- မိခင်နို့ စနစ်တကျ တိုက်ကျွေးသော သင်တန်းများကျင်းပ၍ မိခင်နို့ စနစ်တကျတိုက်ကျွေးသော ဆေးရုံများ တစ်နှစ်ထက်တစ်နှစ် တိုးမြှင့်ဖွင့်လှစ်ခြင်း၊
- မိခင်များ၊ မိသားစုများကို ပညာပေးဟောပြောခြင်း၊
- သတင်းစာ၊ ရေဒီယို၊ ရုပ်မြင်သံကြားတို့မှ ပညာပေးလှုံ့ဆော်ခြင်း၊
- ယခုကဲ့သို့ မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ် လှုပ်ရှားမှုများကျင်းပခြင်း။

(၂) မိခင်နို့ စနစ်တကျအောင်မြင်စွာ ရေရှည်တိုက်ကျွေးနိုင်ရေး အတွက် အဘက်ဘက်မှ ဝိုင်းဝန်းပံ့ပိုးပေးခြင်း။
- မိခင်နို့တိုက်ကျွေးနိုင်မှုအခြေအနေများဖန်တီးပေးခြင်း၊ (ဥပမာ-လုပ်ငန်းခွင်သို့ပြန်လည်ဝင်ရောက်လုပ်ကိုင်မည့် မိခင်အတွက် လုပ်ငန်းခွင်တွင် မိခင်နို့ ဆက်လက်တိုက်ကျွေးနိုင်ရန် အချိန်၊ နေရာထိုင်ခင်း၊ ပံ့ပိုးမှုများ ဖန်တီးပေးခြင်း။)
- မိခင်နို့တိုက်ကျွေးရာတွင် မိခင်နှင့်ကလေးတို့၌ တွေ့ကြုံလာရသော အခက်အခဲပြဿနာများကို ဖြေရှင်းပေးခြင်း၊ နှစ်သိမ့်ဆွေးနွေး ပညာပေးခြင်း။

မြန်မာနိုင်ငံတွင် ထိုနည်းဗျူဟာများကိုကျင့်သုံး၍ မိခင်နို့စနစ်တကျတိုက်ကျွေးရေးစီမံချက်ကို ၁၉၉၃ခုနှစ်မှ စတင် အကောင်အထည်ဖော်ခဲ့ရာ ယမန်နှစ်အထိ မိခင်နို့စနစ်တကျတိုက်ကျွေးသော ဆေးရုံ ၃၇၉ ရုံနှင့် မိခင်နို့စနစ်တကျတိုက်ကျွေးသော မြို့နယ်ပေါင်း ၁၃၄မြို့နယ်ကို အသိအမှတ်ပြုနိုင်ခဲ့သည်။ မိခင်နို့အောင်မြင်စွာတိုက်ကျွေးသော အစဉ်အလာကို တစ်နှစ်ထက်တစ်နှစ် ပိုမိုလက်ခံကျင့်သုံးလာပြီး ရေရှည်တည်တံ့ခိုင်မြဲရန်အတွက် အထက်ပါနည်းဗျူဟာနှစ်ရပ်ကို အကောင်အထည်ဖော်ရုံဖြင့် မလုံလောက်သေးပါ။ မိခင်နို့တိုက်ကျွေးခြင်းကို ဆုတ်ယုတ်ကျဆင်းစေသော အဟန့်အတားများမှ အကာအကွယ်ပေးခြင်းသည်လည်း မရှိမဖြစ်အရေးပါသော နည်းဗျူဟာတစ်ရပ်ဖြစ်ပါသည်။ ဤအချက်ကို မြင်သာရန် သစ်ပင်တစ်ပင် ကြီးပြင်းလာရန် ပြုစုပျိုးထောင်ပေးခြင်းနှင့် နှိုင်းယှဉ်ကြည့်နိုင်သည်။ သစ်ပင်တစ်ပင်ကြီးပြင်းလာရန် ရေလောင်းခြင်း၊ ပေါင်းသင်ခြင်း၊ မြေဩဇာကျွေးခြင်း စသည်တို့ပြုလုပ်ပေးရုံဖြင့် မလုံလောက်သေးဘဲ သစ်ပင်ကိုဖျက်ဆီးနိုင်သည့် ပိုးမွှားများ၊ ကျိုင်းကောင်များ အန္တရာယ်မှလည်း အကာအကွယ်ပေးရန် ပိုးသတ်ဆေးဖျန်းခြင်း စသည်တို့ကို ပြုလုပ်ပေးရန် လိုအပ်သကဲ့သို့ဖြစ်ပါသည်။

မိခင်နို့အစားထိုး အစားအစာများတိုက်ကျွေးခြင်းသည် မိခင်နို့တိုက်ကျွေးခြင်း အစဉ်အလာကို အမှန်ပင် ဆုတ်ယုတ်ကျဆင်းစေပါသည်။ မီးဖွားပြီးစ ပထမနှစ်ရက် သုံးရက်တွင် နို့ဦးရည်အနည်းငယ်မျှထွက်သည်မှာ ပုံမှန်ဖြစ်သော်လည်း မိခင်များ၊ မိသားစုများက ကလေးအတွက် မလုံလောက်ဟု စိုးရိမ်ပူပန်ကြသောကြောင့် နို့မှုန့်ကိုနို့ဘူးဖြင့် တိုက်ကျွေးတတ်ကြသည်ကို မကြာခဏ တွေ့မြင်ရပါသည်။ နို့ဘူးကို စို့ထားသော ကလေးသည် မိခင်နို့ကိုတိုက်ကျွေးသောအခါ နို့သီးခေါင်းဇဝေဇဝါဖြစ်ပြီး မိခင်နို့ကို ငြင်းပယ်တတ်ပါသည်။ တစ်ဖန် နို့မှုန့်ဖျော်တိုက်ထားသဖြင့် ဗိုက်ဝနေသောကလေးသည် မိခင်နို့ကို မည်သို့မျှ တိုက်ကျွေး၍မရတော့ပါ။ ဇီဝကမ္မဗေဒသဘောအရ မိခင်သားမြတ်ထဲမှ နို့များကိုကုန်စင်အောင် ကလေးနို့စို့မှ မိခင်နို့ထုတ်လုပ်မှု များနိုင်သည်။ ကလေးစို့လေ မိခင်နို့ လှိုင်လှိုင်ထွက်လေဖြစ်ပါသည်။ အစားထိုးနို့မှုန့်ဖြင့် ဗိုက်ဝနေသော ကလေးသည် မိခင်နို့ကို မစို့သောအခါ မိခင်၏နို့ရည်ထုတ်လုပ်မှုလည်း ကျဆင်းသထက် ကျဆင်းလာပြီး နို့ရည်ထုတ်လုပ်မှု ရပ်ဆိုင်းသည်အထိ ဖြစ်လာနိုင်သည်။ အရပ်ထဲတွင် "နို့ကန်း" သည်ဟု ခေါ်ဝေါ်ကြသည်။

"အစကောင်းမှ အနှောင်းသေချာ"ဆိုသော စကားသည် မိခင်နို့ အောင်မြင်စွာ တိုက်ကျွေးနိုင်ရေးအတွက်လည်း မှန်ကန်လှပါသည်။ မွေးပြီးစ ပထမနှစ်ရက်သုံးရက်အတွင်းတွင် မိခင်နို့ကို ယုံယုံကြည်ကြည် တိုက်ကျွေးခြင်းဖြင့် ကလေးသည် နို့ဦးရည်ကို ကောင်းစွာရရှိပြီး မိခင်များမှာလည်း မိမိနို့ကို အောင်မြင်စွာဆက်လက်တိုက်ကျွေးနိုင်ပါလိမ့်မည်။ နို့ဦးရည်သည် ပမာဏနည်းသော်လည်း မွေးခါစကလေးအတွက် လိုအပ်သော အစာအာဟာရနှင့် ရေများလုံလောက်စွာ ပါရှိသည့်အပြင် ရောဂါပြီးဓာတ်များသည် နှောင်းပိုင်းနို့ရည်ထက်ပိုမိုပါဝင်သောကြောင့် ကလေးတိုင်း နို့ဦးရည်ကိုရရှိရန် အလွန်အရေးကြီးပါသည်။ မိခင်နို့တိုက်ကျွေးလိုသည့် ဆန္ဒဖြစ်အောင် ကျန်းမာရေးဝန်ထမ်းများသာမက မိသားစုဝင်များ၊ ဆွေမျိုးမိတ်သင်္ဂဟများကပါ ဝိုင်းဝန်းအားပေးနှစ်သိမ့်ရန် လိုအပ်သည်။ ကလေးအသက် ခြောက်လအထိ မိခင်နို့တစ်မျိုးတည်းတိုက်ကျွေးပြီး ကလေးအသက် ခြောက်လပြည့်ပြီးနောက် ထမင်းနှင့် တခြားအာဟာရပြည့်ဝသော ဖြည့်စွက်စာများကိုကျွေးရင်း ကလေးအသက် နှစ်နှစ်အထိ မိခင်နို့ကို ဆက်လက်တိုက်ကျွေးခြင်းသည် ကလေးများအတွက် အသင့်တော်ဆုံး အာဟာရကျွေးနည်းဖြစ်ပါသည်။

မိခင်နို့ မတိုက်နိုင်သော အခြေအနေများတွင် ထိုကလေးများ ရှင်သန်ကြီးထွားရန် မိခင်နို့အစားထိုး အစားအစာများကို အားထားရမှာ ဖြစ်ပါသည်။

မိခင်နို့ မတိုက်ကျွေးနိုင်သော အခြေအနေများမှာ-

- မိခင်သေဆုံးခြင်း၊
- မိခင်က ကလေးကို စွန့်ပစ်ခြင်း၊
- မိခင် ရူးသွပ်နေခြင်း၊
- မိခင်သောက်သုံးသော ဆေးအချို့သည် နို့ရည်တွင် ပါလာပြီး သောက်စို့သောကလေးကို ဥပဒ်ဖြစ်စေနိုင်သဖြင့် ထိုမိခင်များ၏နို့ကို ကလေးများအား မတိုက်ကျွေးရခြင်း၊ **(ဥပမာ ကင်ဆာဆေး၊ ရေဒီယိုသတ္တိကြွဆေး၊ မိခင်သိုင်းရွိုက်အကျိတ်ကြီး၍ သောက်ရသောဆေးအချို့)**
- မိခင်သည် ပြင်းထန်စွာနာမကျန်းဖြစ်ပါက မိခင်နို့ အစားထိုးအစာကို အခိုက်အတံ့ ကျွေးထားရန်လိုအပ်ပြီး မိခင်ပြန်လည် ကျန်းမာလာသောအခါ မိခင်နို့ကို ပြန်လည်တိုက်ကျွေးခြင်း၊
- သုံးမြွာပူးနှင့်အထက် မွေးဖွားလာသော ကလေးများသည် မိခင်နို့နှင့် မလုံလောက်သောကြောင့် သုံးယောက်စလုံးကို မိခင်နို့လည်းတိုက်၊ မိခင်နို့ အစားထိုးအစားအစာဖြင့်လည်း ထပ်မံ ဖြည့်စွက်တိုက်ကျွေးရန် လိုအပ်ခြင်း။

HIV ရောဂါပိုးရှိသောမိခင်၏ နို့ကို တိုက်ကျွေးပါက HIV ရောဂါပိုးသည် မိခင်နို့တွင်ပါလာပြီး သောက်စို့သော ကလေးကို ကူးစက်ရန် ၅ရာခိုင်နှုန်းမှ ၂၀ရာခိုင်နှုန်းအထိ ရှိနိုင်သည်။ ထိုမိခင်များကို ကိုယ်ဝန်ဆောင်စဉ်ကတည်းက အာဟာရတိုက်ကျွေးမှုဆိုင်ရာ နှစ်သိမ့်ဆွေးနွေးပညာပေးပြီး မိခင်သိသင့်သိထိုက်သော အချက်အလက်များကို သိရှိစေရမှာ ဖြစ်သည်။ မိခင်နို့ထဲတွင် HIV ရောဂါပိုးပါလာပြီး ကလေးကို ကူးစက်နိုင်သောအခွင့်အလမ်းနှင့် မိခင်နို့ မတိုက်ကျွေးဘဲ မိခင်နို့အစားထိုးအစာတိုက်ကျွေးခြင်းကြောင့် ရရှိနိုင်သောဆိုးကျိုးများကို ချိန်ဆပြီး မိခင်သည် မိသားစုအခြေအနေ၊ စီးပွားရေးအခြေအနေပေါ်မူတည်၍ မိမိနို့ကို တိုက်ကျွေးမည်၊ သို့မဟုတ် နို့အစားထိုးအစာ တိုက်ကျွေးမည်ကို မိခင်ကိုယ်တိုင် ဆုံးဖြတ်ရမှာဖြစ်ပါသည်။

မိခင်နို့ အစားထိုးအစားအစာများကို အမှန်တကယ်လိုအပ်သော အခြေအနေများတွင် ကျန်းမာရေးဝန်ထမ်း၏ ညွှန်ကြားချက်ဖြင့်သာ သုံးစွဲရန် ဖြစ်ပါသည်။ သုံးစွဲရာတွင်လည်း ကျန်းမာရေးဝန်ထမ်းများက ညွှန်ကြားပြသသည့်အတိုင်း နည်းစနစ်မှန်ကန်စွာ စနစ်တကျ သုံးစွဲရမှာဖြစ်သည်။ မိခင်နို့ အစားထိုးအစားအစာများသည် မိခင်နို့မတိုက်နိုင်သော ကလေးများကို တိုက်ကျွေးရာတွင် အန္တရာယ်ကင်းပြီး အာဟာရလုံလောက်မှုရရှိစေရန် အရည်အသွေး စံချိန်စံညွှန်း မီရမည်ဖြစ်သည်။

မိခင်နို့ တိုက်ကျွေးသောဓလေ့ကို ရေရှည်တည်တံ့စေရန်နှင့် မိခင်နို့မတိုက်ကျွေးနိုင်သော အခြေအနေများတွင် မိခင်နို့ အစားထိုးအစာများကို စနစ်တကျသုံးစွဲရန်ဟူသော ရည်ရွယ်ချက်များ ပြည့်စုံစေရန်အလို့ငှာ၊ မိခင်နို့အစားထိုးအစာများကို စနစ်တကျ ရောင်းဝယ်ဖောက်ကားကြရန်အတွက် အပြည်ပြည်ဆိုင်ရာ မိခင်နို့အစားထိုးအစာများ ရောင်းဝယ်ရေးဥပဒေကို ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ ဤဥပဒေကို ၁၉၈၁ခုနှစ်တွင် ကမ္ဘာ့ကျန်းမာရေးညီလာခံကြီး၌ ထောက်ခံမဲ ၁၁၈မဲ၊ ကန့်ကွက်မဲ တစ်မဲဖြင့် တစ်ခဲနက်အတည်ပြုခဲ့ကြ၍ စတင်ပေါ်ပေါက်လာခြင်း ဖြစ်သည်။ မိခင်နှင့် ကလေးတို့၏ ကျန်းမာရေးကို ရှေးရှုပြဋ္ဌာန်းထားသော၊ အပြည်ပြည်ဆိုင်ရာက လက်ခံအတည်ပြုထားသော ဥပဒေဖြစ်ပါသည်။

ဤဥပဒေတွင် အခန်းကြီး၁၁ခန်း ပါဝင်ပြီး အဓိကအချက်များမှာ-

-လူထုကိုကြော်ငြာခြင်း မိခင်နှင့် အစားထိုး အစားအစာနှင့် ပစ္စည်းများ (နို့မှုန့်၊နို့ဘူး၊ နို့သီးခေါင်း၊ မိခင်နို့နေရာတွင် အစားထိုးအသုံးပြုရန် ထုတ်လုပ်ထားသော အစားအသောက်များ)ကို အများပြည်သူသို့ ကြော်ငြာခြင်း မပြုသင့်ပါ။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

ဒေါ်မိမိလေး (အထပြ–ငြိမ်း) အားရည်စူး၍ ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် ကျိုက္ကစံဘုရားလမ်း (ဆ/က) ရပ်ကွက် အမှတ် ၉နေ ဦးထွန်းကြိုင်(အင်ဂျင်နီယာမှူး–ငြိမ်း) နှင့် သားသမီးများ ကိုနေမျိုး–မလေးလေးသန့်၊ ကိုနေစိုး–မသွယ်လဲ့ဖြူ၊ ကိုပြည်စိုးအောင်–မစုစုကြိုင်၊ ကိုနေလွင်၊ မြေး–မငြိမ်းငြိမ်းထက်ဝေ၊ မအိပန်စိုး၊ မောင်အောင်ပိုင်စိုး မိသားစုတို့က ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်း

ဆရာတော်ကြီး တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေ ကျပ်ငါးသိန်းကို တိ=နိ (ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

(၆၂)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် တိုင်းအဆင့်စစ်သည်တော်ကျင့်ဝတ်နှင့် ကျပန်းစကားပြောပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် ဩဂုတ် ၁၁

ရန်ကုန်တိုင်းစစ်ဌာနချုပ်(၆၂)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် တိုင်းအဆင့် စစ်သည်တော် ကျင့်ဝတ်နှင့် ကျပန်းစကားပြောပြိုင်ပွဲဆုချီးမြှင့်ခြင်းအခမ်းအနားကို ဩဂုတ်၉ရက် ညနေ၄နာရီက ရန်ကုန်တိုင်းစစ်ဌာနချုပ်ခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းနှင့် ဇနီး ဒေါ်မာမာဝေတို့ တက်ရောက်အားပေးချီးမြှင့်သည်။

ထို့နောက် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ကျင်းပရာ ရန်ကုန်တပ်နယ်မှူး ဗိုလ်မှူးချုပ် မြင့်စိုးနှင့် တာဝန်ရှိသူများက တိုင်းအဆင့် စစ်သည်တော်ကျင့်ဝတ်နှင့် ကျပန်းစကားပြောပြိုင်ပွဲ၌ တပ်သားအဆင့်၊ အကြပ်အဆင့်နှင့် အရာခံအဆင့် ပထမ၊ ဒုတိယ နှင့် တတိယ ရရှိကြသူများအား ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆုပေးအပ်

ယင်းနောက် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းက အရာရှိအဆင့် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ၌ ပထမဆုရရှိသည့် ဗိုလ်ကြီး ဒေါ်ဖြူဖြူဖွေးမြင့်၊ ဒုတိယဆုရရှိသည့် ဗိုလ်ကြီး ယဉ်ထွေးနှင့် တတိယဆုရရှိသည့် ဗိုလ်ကြီးခင်မောင်ဦးတို့အား လည်းကောင်း၊အရာရှိအဆင့် ကျပန်းစကားပြောပြိုင်ပွဲ၌ ပထမဆုရရှိသည့် ဗိုလ်ကြီးသိန်းထိုက်ဦး၊ ဒုတိယဆုရရှိသည့် ဗိုလ်ကြီးခင်ငြိမ်းနှင့် တတိယဆုရရှိသည့် ဗိုလ်နေမျိုးကျော်တို့အား လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မူးယစ်ကင်းစင်
အလှဆင်

မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်အခမ်းအနားကျင်းပ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် တက်ရောက်ဆုချီးမြှင့်ပေး

ရန်ကုန် ဩဂုတ် ၁၁

ကမ္ဘာ့မိခင်နို့ တိုက်ကျွေးရေး ရက်သတ္တပတ် အထိမ်းအမှတ်အခမ်းအနားကို ဩဂုတ် ၂ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ ဗဟိုအမျိုးသမီးဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် တက်ရောက်အားပေးသည်။

အမှာစကားပြောကြား

ရှေးဦးစွာ မန္တလေးတိုင်း အမျိုးသမီးရေးရာ အဖွဲ့နာယက မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းက အဖွင့်အမှာစကား ပြောကြားပြီး ဗဟိုအမျိုးသမီးဆေးရုံကြီး(မန္တလေး) ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်ခင်ဆွေဝင်းက ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ် အထိမ်းအမှတ် အခမ်းအနားနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး အထိမ်းအမှတ် တစ်ခန်းရပ်ပြဇာတ် ဆုရကြသူများအား တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က ဆုများချီးမြှင့်ပေးအပ်သည်။ **(အပေါ်ယာပုံ)**

ဆေးဖိုးထောက်ပံ့လှူဒါန်း

ထို့နောက် မန္တလေးတိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ အထူးကုခရီးစဉ်မှ ညွှန်းပို့လူနာများအတွက် ဆေးဖိုးထောက်ပံ့လှူဒါန်းငွေကျပ် ၂၅၅၀၀၀ ကို မန္တလေးတိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းက ပေးအပ်လှူဒါန်းရာ တိုင်းမှူးက လက်ခံရယူသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ဗဟိုအမျိုးသမီးဆေးရုံကြီး (မန္တလေး)၏ အသစ်ဆောက်လုပ်ပြီးစီးသော မွေးကင်းစကလေးဆောင်၊ အထူးကြပ်မတ်ကုသဆောင်နှင့် သီးသန့်ခန်းများအတွက် စေတနာရှင်၊ အလှူရှင်များက ဆေးရုံသုံးပစ္စည်းများ ပေးအပ်လှူဒါန်းကြရာ ရှေးဦးစွာ ချယ်ရီမိတ္တူ ဦးမော်စီနှင့် ဇနီးဒေါ်ချိုတို့က တန်ဖိုးငွေကျပ် ၉၀၀၀၀၀ ရှိ LG လေအေးပေးစက် တစ်လုံးကို လည်းကောင်း၊ Leo ကွန်ပျူတာမှ ဦးခင်မောင်ကျော်က တန်ဖိုးငွေကျပ် ၉၀၀၀၀၀ ရှိ LG လေအေးပေးစက် နှစ်လုံးကို လည်းကောင်း၊ Europ Continent က စုစုပေါင်း တန်ဖိုးငွေကျပ် ၇၁၂၀၀၀ ရှိ LG လေအေးပေးစက် တစ်လုံး၊ LG မီနီရေခဲသေတ္တာ တစ်လုံးနှင့် ရုပ်မြင်သံကြားပြစက် တစ်လုံးတို့ကို လည်းကောင်း ပေးအပ်လှူဒါန်းကြရာ တိုင်းမှူးကလက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ထို့နောက် အလှူရှင်များက ဆက်လက်လှူဒါန်းကြရာ Ranbaxy Co., က တန်ဖိုးငွေကျပ် ၅၀၀၀၀၀ ရှိ Star လေအေးပေးစက်တစ်လုံးကိုလည်းကောင်း၊ ကျော်ဆေးဆိုင် ဦးဘုန်းမြင့်ကျော်က တန်ဖိုးငွေကျပ် ၄၅၀၀၀၀ တန်ဖိုးရှိ LG လေအေးပေးစက် တစ်လုံးကို လည်းကောင်း၊ Concordia အင်တာနေရှင်နယ်ကုမ္ပဏီက တန်ဖိုးငွေ ၃၀၀၀၀၀ ရှိ LG မီနီရေခဲသေတ္တာ နှစ်လုံးကိုလည်းကောင်း၊ ရီရှင်းကုမ္ပဏီက တန်ဖိုးငွေကျပ် ၂၂၀၀၀၀ တန်ဖိုးရှိ ခွဲစိတ်ခန်းသုံးပစ္စည်းပေါင်းစက် တစ်လုံးကို လည်းကောင်း၊ Zifam Pty Ltd. က တန်ဖိုးငွေကျပ် ၂၀၀၀၀၀ ရှိ အသက်ကယ်အားကူကိရိယာတစ်လုံးနှင့် ချွဲစုပ်စက်တစ်လုံးကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စာမျက်နှာ ၁၀ ဆောင်းပါးမှအဆက်

–မိခင်နှင့် မိသားစု ဤဥပဒေပါ အစားအစာနှင့်ပစ္စည်းများကို ထုတ်လုပ်ရောင်းချသူ များသည် မိခင်များ၊ မိသားစုများကို တွေ့ဆုံရန် မကြိုးစားသင့်ပါ။ မိခင်များ၊ မိသားစုများကို နမူနာအခမဲ့ပစ္စည်းများပေးခြင်း၊ လက်ဆောင်ပစ္စည်းများ ပေးကမ်းခြင်းမပြုသင့်ပါ။

–ကျန်းမာရေးစောင့်ရှောက်မှုနှင့်သက်ဆိုင်သော အဆောက်အအုံ ဤဥပဒေပါ အစားအစာနှင့်ပစ္စည်းများ၊ အသုံးပြုခြင်းကို မြှင့်တင်ရန် ရည်ရွယ်သည့် မည်သည့်လုပ်ငန်းကိုမျှ ကျန်းမာရေး စောင့်ရှောက်မှုနှင့် သက်ဆိုင်သည့် အဆောက်အအုံများတွင် မပြုလုပ်သင့်ပါ။ ဤဥပဒေပါ ပစ္စည်းများကိုခင်းကျင်းပြသခြင်း၊ ပစ္စည်းများနှင့်ပတ်သက်သည့် ပိုစတာများ၊ စာရွက်များကပ်ခြင်း၊ ဖြန့်ဝေခြင်းတို့ကိုလည်း ကျန်းမာရေးစောင့်ရှောက်မှုနှင့် သက်ဆိုင်သည့်အဆောက်အအုံများတွင် မပြုလုပ်သင့်ပါ။

– နို့မှုန့်နှင့် ဤဥပဒေပါပစ္စည်းများကို အမှန်တကယ် အသုံးပြုရန်လိုသည့် ကလေးများအတွက် လှူဒါန်းခြင်း၊ လျှော့ဈေးဖြင့် ရောင်းချခြင်းများ ပြုနိုင်သည်။

– ကျန်းမာရေးဌာနသို့ လှူဒါန်းသည့်ပစ္စည်းများတွင် ကုမ္ပဏီ၏ အမည်၊ သို့မဟုတ် အမှတ်အသား(Logo)ပါရှိနိုင်သည်။ သို့ရာတွင် ဤဥပဒေပါ ပစ္စည်းတစ်မျိုးမျိုးကို ရည်ညွှန်းဖော်ပြသည့် သဘောမျိုး မသက်ရောက်စေသင့်ပါ။

–ကျန်းမာရေးဝန်ထမ်း ဤဥပဒေပါပစ္စည်းများအား အရောင်းမြှင့်တင်ပေးရန် မြူဆွယ်သည့် သဘောဖြင့် ကျန်းမာရေးဝန်ထမ်းများအား ထုတ်လုပ်သူ၊ ရောင်းဝယ်သူများက ငွေကြေး၊ သို့မဟုတ် လက်ဆောင်ပစ္စည်းများ မပေးသင့်။ ကျန်းမာရေး ဝန်ထမ်းများကလည်း လက်ခံခြင်းမပြုသင့်။

– နို့အစားထိုးအစားအစာများ သုံးစွဲပုံ သုံးစွဲနည်းကို ကျန်းမာရေးဝန်ထမ်းကသာ ရှင်းလင်းပြသပေးပြီး တကယ်လိုအပ်သော ကလေးကိုသာ တိုက်ကျွေးရန် ရှင်းလင်းပြသသင့်ပါသည်။

–ကုမ္ပဏီဝန်ထမ်း ကုမ္ပဏီဝန်ထမ်းများကို ထုတ်လုပ်သူ၊ ရောင်းဝယ်သူများသည် ဥပဒေပါပစ္စည်းများ ပိုမိုတိုးမြှင့် ရောင်းချနိုင်ရေးအတွက် ဆုကြေးပေးခြင်း မပါဝင်သင့်ပါ။

–အမှတ်တံဆိပ် ထုတ်လုပ်သည့်ပစ္စည်းများပေါ်တွင် ဖော်ပြထားသော အကြောင်းအရာများသည် ထိုပစ္စည်းများကို စနစ်တကျ အသုံးပြုရန်သာဖြစ်ပြီး မိခင်နို့တိုက်ကျွေးခြင်းကို ဟန့်တားသည့်သဘောမျိုး မဖြစ်စေသင့်ပါ။

– ထိုရေးသားဖော်ပြချက်များသည် မိခင်များဖတ်ရှုနားလည်နိုင်မည့် ဘာသာစကားဖြင့် ရေးသားထားပြီး မိခင်များအတွက် ရှင်းလင်းလွယ်ကူစေရမည်။ မိခင်များ ထင်ယောင်ထင်မှားဖြစ်စေသော ဖော်ပြချက်များမဖြစ်စေရပါ။ ၎င်းအချက်များ၌–

- **မိခင်နို့သာအကောင်းဆုံးဆိုသည့် ဖော်ပြချက်ပါရှိရန်၊**
- **အမှန်တကယ် လိုအပ်သည့်အခြေအနေတွင် ကျန်းမာရေးဝန်ထမ်းတစ်ဦး၏ ထောက်ခံ အကြံပြုချက်ဖြင့်သာ အသုံးပြုရန်၊**
- **စနစ်တကျ သုံးစွဲနည်းနှင့် စနစ်တကျ အသုံးမပြုပါက အန္တရာယ်ရှိတတ်ပုံတို့ကို ရေးသားဖော်ပြရန်၊**
- **နို့စို့ကလေး၏ ရုပ်ပုံသော်လည်းကောင်း၊ နို့စို့ကလေးများအတွက် အကောင်းဆုံးအစာဟု သဘောသက်ရောက်သောပုံများ၊ ဖော်ပြချက်များ မပါရှိရန်။**

–ထုတ်လုပ်ရောင်းချသူ ဤဥပဒေပါ အစားအစာနှင့်ပစ္စည်းများသည် နို့စို့ကလေး၏ ကျန်းမာရေးအတွက် အရေးကြီးသောကြောင့် စံချိန်မီ အရည်အသွေး မြင့်မားသင့်သည်။ စံချိန်မီကြောင်း အစစ်အဆေးခံပြီးမှသာ ဖြန့်ဖြူးရောင်းချခွင့်ရှိသည်။

– ထုတ်လုပ်ရောင်းချသူများနှင့် ရောင်းဝယ်ဖောက်ကားသူများသည် မိမိတို့လုပ်ဆောင်ချက်အားလုံးသည် ဤဥပဒေပါ အခြေခံမှုများနှင့် ကိုက်ညီမှုရှိစေ၍ မိမိတို့ကိုယ်တိုင်လည်း တာဝန်ရှိကြောင်းခံယူပြီး အပြည့်သဘောပါဝင်ကြရန် တိုက်တွန်းထားသည်။

ထို့ကြောင့် မိခင်နို့အစားထိုးအစားအစာများ ရောင်းဝယ်ဖောက်ကားရေး ဥပဒေသည် မိခင်တိုင်း ကလေးတိုင်း မိခင်နို့ စနစ်တကျ တိုက်ကျွေးနိုင်သော အခွင့်အရေးကို အပြည့်အဝရရှိရန် အကာအကွယ်ပေးထားသော ဥပဒေဖြစ်သည်။

ကျန်းမာဖွံ့ဖြိုး ဉာဏ်ရည်တိုးသော သားသမီးရတနာလေးများ နိုင်ငံ့သားကောင်း ရတနာလေးများဖြစ်ရန်၊ မိခင်နို့တိုက်ကျွေးနိုင်သော အခြေအနေတွင် မိခင်နို့ကိုစနစ်တကျ တိုက်ကျွေးခြင်းဖြင့်လည်းကောင်း၊ မိခင်နို့ မတိုက်ကျွေးနိုင်သော အခြေအနေတွင်သာ မိခင်နို့အစားထိုး အစာများကို စနစ်တကျတိုက်ကျွေးခြင်းဖြင့်လည်းကောင်း ရင်သွေးကလေးများအတွက် အန္တရာယ်ကင်းပြီး လုံလောက်သောအာဟာရကို ရရှိစေရန် ကျန်းမာရေးဝန်ထမ်းများသာမကဘဲ မိသားစုများ၊ အဖွဲ့အစည်းများ၊ ပြည်သူလူထုတစ်ရပ်လုံးကပါ ဝိုင်းဝန်းပါဝင်ဆောင်ရွက်သင့်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

၂၀၀၆–၂၀၀၇ ပညာသင်နှစ်
ကျောင်းကျန်းမာရေးသီတင်းပတ်
၂၀၀၆ ခုနှစ်၊ ဩဂုတ်လ (၁၄)ရက်မှ (၁၉)ရက်
အခြေခံပညာကျောင်းအားလုံး ပါဝင်ဆောင်ရွက်ကြပါစို့
ပညာရေးဝန်ကြီးဌာန

ဩဂုတ် ၅ရက်က ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ရုံးသို့ သီတဂူ–ဒေါက်တာစိုးမြင့်က ၂၀၀၆–၂၀၀၇ထိ လစဉ်ထုတ်ဝေသော သုတ၊ ရသစာအုပ်လှူဒါန်းရာ ကြည့်မြင်တိုင်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ချိုချိုလတ်က လက်ခံယူစဉ်။
(မြို့နယ် ပြန်/ဆက်)

အာဆီယံကိုတစ်ခုတည်းသောခရီးစဉ်အဖြစ် ပူးပေါင်းဆောင်ရွက် လုပ်ငန်းစဉ်ဆက်မပြတ်အောင် ညှိနှိုင်းဆွေးနွေးအကောင်အထည်ဖော် ဒေသတွင်းခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှုကို အထောက်အကူပြုသွားမည်ဖြစ်

ရန်ကုန် ဩဂုတ် ၁၁

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပသော (၁၈)ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်း လူ့စွမ်းအားဖွံ့ဖြိုးမှုလုပ်ငန်းအဖွဲ့ အစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်၉နာရီက မန္တလေးမြို့ ဆီဒိုးနားဟိုတယ် အမရပူရခန်းမ၌ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ ဖွင့်ပွဲ အခမ်းအနားသို့ ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ အထက်မြန်မာပြည်တရားရုံးချုပ် ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၊ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှု ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးဌေးအောင်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ သံအမတ်ကြီး H.E Mr. Pehin Dato Mohammad Yusof Abu Bakar နှင့် မလေးရှားနိုင်ငံ သံအမတ်ကြီး H.E Mr. Dato Shaharuddin Bin Md Som၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E Mr. I Gusti Putu Laksaguna၊ မြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံရုံးနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံရုံးတို့မှ ကောင်စစ်ဝန်များနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ခရီးသွားလုပ်ငန်းဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးရုံးမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။

ညှိနှိုင်းစည်းဝေး

အစည်းအဝေး ဖွင့်ပွဲ အခမ်းအနားတွင် ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်က အဖွင့်အမှာစကား ပြောကြားရာ၌ ကမ္ဘာလှည့်ခရီးသွား လုပ်ငန်းသည် အဓိကနိုင်ငံခြားဝင်ငွေ ရှာဖွေပေးသော လုပ်ငန်းတစ်ခုဖြစ်ပြီး နိုင်ငံအသီးသီး၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရုံသာမက နိုင်ငံသားများ၏ အလုပ်အကိုင် အခွင့်အလမ်းများ တိုးပွားစေခြင်း၊ ထို့အပြင် ဒေသတွင်းရှိ နိုင်ငံများ၏ ရိုးရာယဉ်ကျေးမှုဆိုင်ရာ အဆင့်အတန်းမြင့်မားမှုကို ဖော်ထုတ်ပြသသော လုပ်ငန်းလည်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ယဉ်ကျေးမှုသမိုင်းကြောင်းနှင့် သဘာဝအခြေခံခရီးသွားလုပ်ငန်းများကို အခြေပြု၍ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် အာဆီယံခေါင်းဆောင်ကြီးများ ချမှတ်ထားသော အာဆီယံကို တစ်ခုတည်းသော ခရီးစဉ် ဒေသအဖြစ် ထင်ရှားစွာ ပေါ်ထွက်လာရေးအတွက် အာဆီယံနိုင်ငံများနှင့် စဉ်ဆက်မပြတ် ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း၊ အာဆီယံဒေသတွင်း ခရီးသွားလုပ်ငန်း လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးရေးသည် အရေးကြီးသော ကဏ္ဍတစ်ရပ်ဖြစ်၍ လုပ်ငန်းစဉ်ဆက်မပြတ် ညှိနှိုင်းဆွေးနွေး အကောင်အထည်ဖော်သွားခြင်းဖြင့် အာဆီယံနိုင်ငံများ၏ ခရီးသွား လုပ်ငန်းဖွံ့ဖြိုးမှုကို အထောက်အကူပြုသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသွားသည်။

ဖွင့်ပွဲ အခမ်းအနားအပြီးတွင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စိုးနိုင်နှင့် တက်ရောက်လာကြသော သံအမတ်ကြီးများ၊သံရုံးများမှကောင်စစ်ဝန်များ၊ အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များသည် အမှတ်တရဓာတ်ပုံရိုက်ကြသည်။ **(အပေါ်ပုံ)**

ထို့နောက် (၁၈)ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်း လူ့စွမ်းအား ဖွံ့ဖြိုးမှု လုပ်ငန်းအဖွဲ့အစည်းအဝေးကို ဆက်လက်ကျင်းပရာ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်အာဆီယံအတွင်းရေးမှူးရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်းအမှတ်(၈၈)ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဩဂုတ် ၁၁

ပြန်ကြားရေး ဝန်ကြီးဌာနက ကြီးကြပ်စီစဉ် ထုတ်ဝေသော နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၈၈)ကို ယနေ့ဖြန့်ချိထားသည်။ **(ယာပုံ)**

တင့်ထွန်း(ချောက်)၊ကြည်အောင် (ကေတုမတီ)၊ မြင်းမူမောင်နိုင်မိုး၊ ဝင့်ဝါထွန်း(ဂန္ဓဝင်ကုန်း)၊ ဒေါက်တာမင်းလဲ့ရီ၊ ရန်နိုင်ဦး၊ သာကီဟိန်း (တကောင်း)၊ မောင်စောထွန်း (ကျောင်းကုန်း)တို့၏ အဖွင့်ကဗျာများ၊ စောမုံညင်း၊ မကြန်၊ ပခုက္ကူဦးအုံးဖေ၊တက္ကသိုလ်တင်ခ၊ မောင်ခင်မင် (ဓနုဖြူ)၊ ဇွဲသန်းသျှင်း(သုံးဆယ်)၊ မင်းညွန့်နွယ်(တောင်တွင်းရွှေပြည်)၊ ကို (တက္ကသိုလ်)၊ ချစ်နိုင်(စိတ်ပညာ)၊ တင်လင်းဇော်၊ နော်ရထာဝင်း၊ စိုးမြင့်ငြိမ်း၊ တက္ကသိုလ်စိုးယဉ်၊ ဦးကျော်စိန် (မန္တလေး)၊ မလေးပို၊ အဝါ(ဇီးကုန်း)၊ ဝင်းနိုင်သောင်း၊ အောင်ဇင်၊ နီငြိမ်း (အညာတက္ကသိုလ်)တို့၏ ဆောင်းပါးများ၊ ဆင်ဖြူကျွန်းအောင်သိန်း၊ မောင်မြင့်ကြွယ်၊ တက္ကသိုလ် သျှင်သီရိ၊ ထွေးကြည်(သလ္လာဝတီ)၊ ပတ္တမြားနီနီ၊ မြမြလှိုင်၊ တင်သန်းဝင်း၊ သထုံစိမ်းမြနွယ်၊ ဦးစံတင်အောင်(ရွှေဘို)၊ ပွင့် (ရန်ကုန်)တို့၏ ဝတ္ထု၊ ပြဇာတ်များအပြင် ကလေးတို့အတွက် ကဗျာလက်ဆောင် စာလက်ဆောင်၊ ကဗျာပန်းရုံရိပ်၊ ဗုဒ္ဓစာဥယျာဉ်၊ တောဓလေ့စာပန်းချီ၊ ကျန်းမာရေးကဏ္ဍ၊ တိုင်းရင်းသားကဏ္ဍ၊ ဟာသကဏ္ဍ စုံလင်စွာတင်ဆက်ထားပါသည်။ အဆိုပါမဂ္ဂဇင်းကို နိုင်ငံ့ဂုဏ်ရည်စာပေတိုက်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်၊ စာပေဗိမာန်စာအုပ်ဆိုင်နှင့် အခြားဆိုင်ကြီးများအပြင် မြို့နယ်အသီးသီးရှိ စာအုပ်ဆိုင်ကြီးများတွင်လည်း ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

သဲအင်းဂူအဓိဋ္ဌာန် ခုနစ်ရက်တရားစခန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၁၁

ရန်ကင်းမြို့နယ် မိုးကောင်းဘုရားဝင်း သဲအင်းဂူဓမ္မဗိမာန်တော်ကြီး၌ ဩဂုတ်၂၀ရက်မှ ၂၇ရက်အထိ အဓိဋ္ဌာန် ခုနစ်ရက် တရားစခန်းကို ကျင်းပသွားမည် ဖြစ်သည်။

တရားစခန်းတွင် ရန်ကုန်မြို့လုံးဆိုင်ရာ သဲအင်းဂူ သာသနာပြုအဖွဲ့၏ ဩဝါဒါစရိယ ပဓာနကမ္မဋ္ဌာနာစရိယ ဆရာတော် ဘဒ္ဒန္တ မုနိန္ဒ(ကျိုက်ဝိုင်း)နှင့် တွံတေးမြို့ အမှတ်(၈)သဲအင်းဂူ ဝိပဿနာကမ္မဋ္ဌာန်းကျောင်း ကမ္မဋ္ဌာနာစရိယ ဆရာတော်ဘဒ္ဒန္တဝေပုလ္လ အရှင်သူမြတ်နှစ်ပါးတို့က ခန္ဓာကိုယ်တွေ့သမထ ဝိပဿနာ တရားတော်များ ချီးမြှင့်ဟောကြား ပြသမည်ဖြစ်သည်။

ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဩဂုတ် ၁၁

ရခိုင်တန်ဆောင်း ထိန်းသိမ်းစောင့်ရှောက်ရေးအသင်း (ရန်ကုန်)၏ (၁၀) ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ် လှူဒါန်းပွဲကို ဩဂုတ်၂၀ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် ရွှေတိဂုံစေတီတော် (စနေထောင့်)ရှိ ရခိုင်တန်ဆောင်း၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသားများ မပျက်မကွက် တက်ရောက်ကြရန်ဖိတ်ကြားထားကြောင်းသိရသည်။ **(က-ပ)**

တရားစခန်းဝင်လိုသူများ ဩဂုတ်၁၉ ရက်(စနေနေ့)ညနေ၅နာရီအရောက် မှတ်ပုံတင်ကတ်ပြားများနှင့်အတူ လာရောက်စာရင်းသွင်းနိုင်ကြပြီး အရဏ်ဆွမ်း၊ နေ့ဆွမ်းများလှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

စံကွက်ရိုက်သိမ်းပွဲနှင့် လယ်ယာသုံးကိရိယာသုံးစွဲမှု သရုပ်ပြပွဲ သာစည်မြို့နယ်ကုန်းတောင်ကျေးရွာ၌ကျင်းပ

ရန်ကုန် ဩဂုတ် ၁၁

မန္တလေးတိုင်း မိတ္ထီလာခရိုင် သာစည်မြို့နယ် ကုန်းတောင်ကျေးရွာ၌ ဆင်းသွယ်လတ်မျိုးသန့် (နွေစပါး) စံကွက်ရိတ်သိမ်းပွဲနှင့် လယ်ယာသုံးစက်ကိရိယာသုံးစွဲမှု သရုပ်ပြပွဲအခမ်းအနားကို ဇူလိုင်၂၉ရက် နံနက်၉နာရီက တောင်သူဦးအောင်ငြိမ်း၏ ဦးပိုင်အမှတ်၅၀ ကွင်းအမှတ် ၁၈၁၃/၂၀၈၇ ရှိ လယ်မြေတစ်ဧကတွင် ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ မိတ္ထီလာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှုတင်နှင့် ခရိုင်စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ဝင်များ၊ မိတ္ထီလာ၊ မလှိုင်၊သာစည်၊ဝမ်းတွင်း မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ဝင်များ၊ ကုန်းတောင်ကျေးရွာအုပ်စု ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ တောင်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌနှင့် တက်ရောက်လာကြသူများက စပါးရိတ်သိမ်းစက် သုံးစီး၊ စပါးခြွေလှေ့စက်နှစ်လုံးအသုံးပြု၍ ရိတ်သိမ်းခြွေလှေ့ပြသမှုကို ကြည့်ရှုအားပေးကြသည်။ အဆိုပါ နွေစပါးစံကွက် ရိတ်သိမ်းပွဲတွင် တစ်ဧကစပါးအထွက်နှုန်း(အစို) ၁၄၃ဒသမ၅တင်း၊ (အခြောက်) ၁၃၆ဒသမ ၃၃တင်းထွက်ရှိကြောင်းနှင့်မိတ္ထီလာခရိုင်အတွင်း နွေစပါး ၁၉၇၆၇ဧက စိုက်ပျိုးနိုင်ခဲ့သည်။ **(ခရိုင် ပြန်/ဆက်)**

ရတနာမဥ္ဇူဓမ္မရိပ်သာ တရားစခန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၁၁

ကမ္မဋ္ဌာနာစရိယ ဆရာတော် အရှင်ဇေယျာနန္ဒ(ပုဂံ)ကြီးမှူး၍ မရမ်းကုန်းမြို့နယ် သမိုင်း(၁)ရပ်ကွက် ၂ လမ်း ရတနာမဥ္ဇူ ဓမ္မရိပ်သာ၌ အနာဂါမ် ဆရာသက်ကြီးနည်းဖြင့် (မဟာသဒ္ဓမ္မဇောတိကဓဇ) ဆရာကြီး ဦးသန်း ဦးဆောင်ပြီး မြန်မာလပြည့်ကျော် ၈ရက်တိုင်း ဖွင့်လှစ်မြဲဖြစ်သည့် (၅၂)ကြိမ်မြောက် ဝိပဿနာ ခုနစ်ရက်တရားစခန်းကို ဩဂုတ်၁၆ရက် နံနက် ၉နာရီတွင် ဖွင့်လှစ်မည်ဖြစ်သည်။

တရားစခန်း ဝင်လိုသော ယောဂီများသည် ဖုန်း-၆၆၃၈၀၂သို့ ဆက်သွယ်စာရင်းသွင်းနိုင်ပြီး တရားစခန်းဖွင့်မည့်နေ့တွင် နံနက်၇နာရီထက် နောက်မကျစေဘဲ ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာဗျူဟာ အသင်းချုပ်သို့ မိမိတို့၏ အမျိုးသားမှတ်ပုံတင်များယူဆောင်ပြီးလာရောက်ကြပါက မော်တော်ယာဉ်များဖြင့် အခမဲ့ပို့ဆောင်ပေးရန် စီစဉ်ထားကြောင်း သိရသည်။ **(က-ပ)**

မြန်မာဘရူဝါရီလီမိတက် မိသားစု၏ ပထမအကြိမ် စုပေါင်းသွေးလှူဒါန်း

ရန်ကုန် ဩဂုတ် ၁၁

မြန်မာဘရူဝါရီလီမိတက် မိသားစုက သွေးလှူရှင်ဝန်ထမ်း၁၄၅ဦးတို့၏ ပထမအကြိမ် စုပေါင်းသွေးလှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက်၉နာရီခွဲက ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင်စက်မှုဇုန်ရှိ မြန်မာဘရူဝါရီလီမိတက် စက်ရုံခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာဘရူဝါရီလီမိတက်မှ General Manager Mr. David Tang က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် မြန်မာဘရူဝါရီလီမိတက်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်အေးက ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာနသို့ အလှူငွေကျပ်သိန်း၃၀ကို ပေးအပ်လှူဒါန်းရာ အမျိုးသားသွေးဌာနမှ တာဝန်ခံဆရာဝန်ကြီး ဒေါက်တာဒေါ်သီတာအောင်က လက်ခံပြီး အလှူငွေနှင့်စုပေါင်းသွေးလှူဒါန်းမှုအတွက် ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ယင်းနောက် မြန်မာဘရူဝါရီလီမိတက်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ဝန်ထမ်းများ၏ စုပေါင်းသွေးလှူဒါန်းမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။ **(အောက်ပုံ) (သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၂-၈-၂၀၀၆ (စနေနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	Yangon Panorama ('ဟို'အဖွဲ့၏ တေးစီးရီး မိတ်ဆက်)
၇:၂၀	တေးဂီတအစီအစဉ်
၇:၂၅	အနုပညာရုပ်ဝန်းမှ ရင်ခုန်သံများ (ဇတေနသစ္စဝဇ္ဇနေ) (DVD)
၇:၅၅	ပြည်တွင်းသတင်းအကျဉ်း
၈:၀၅	အမျိုးသား ကန်တော်ကြီး ဥယျာဉ် (သဘာဝငှက်ဥယျာဉ်)
၈:၂၀	နိုင်ငံတကာသတင်းအကျဉ်း
၈:၂၅	ယနေ့သိပ္ပံနှင့်နည်းပညာ
၈:၄၀	တေးဂီတအစီအစဉ်
၈:၄၅	အသည်းခြောက်ရောဂါဖြစ်စေနိုင်တဲ့အချက်အလက်များ (ဒေါက်တာခင်မောင်ဝင်း)
၉:၀၅	မိုးလေဝသခန့်မှန်းချက်
၉:၁၀	Movie Talk (Titanic ဖန်တီးမှု)
၁၀:၁၀	တေးဂီတအစီအစဉ်
၁၀:၁၅	စပျစ်ချိုချိုဝိုင်ချိုချို
၁၀:၂၀	တေးဂီတအစီအစဉ်
၁၀:၃၅	ပြည်တွင်းသတင်းအကျဉ်း
၁၀:၄၅	လောင်စာ စွမ်းအင်အတွက် အားထားရမည့် ခြစည်းရိုး ကြက်ဆူပင်များ
၁၁:၀၀	တေးဂီတအစီအစဉ်
၁၁:၀၅	နိုင်ငံတကာအနုပညာရေးရာ
၁၁:၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၃၀	Language Lab (အထက-၁၊ ဒဂုံ)
၁၂:၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

အင်္ဂလန်အသင်းနည်းပြသစ် မက်ကလာရင် ဂျွန်တယ်ရီအား အသင်းခေါင်းဆောင်သစ်အဖြစ်ရွေးချယ်

လန်ဒန် ဩဂုတ် ၁၁

ချယ်လ်ဆီးအသင်းခေါင်းဆောင် ဂျွန်တယ်ရီအား အင်္ဂလန်လက်ရွေးစင်ဘောလုံးအသင်းခေါင်းဆောင်အဖြစ် ရွေးချယ်ခန့်အပ်လိုက်ပြီဖြစ်သည်။

ရေးသားတင်ပြသူ

မြင့်မောင်စိုး

ဒေးဗစ်ဘက်ခမ်းလို အောင်မြင်သော အသင်းခေါင်းဆောင်ဖြစ်အောင် ကြိုးစားသွားမည်ဖြစ်ကြောင်း အသက်၂၅နှစ်အရွယ်ရှိ ဂျွန်တယ်ရီက ဩဂုတ်၁၀ရက်တွင် အတည်ပြုပြောကြားလိုက်သည်။

ရွေးချယ်

အင်္ဂလန်အသင်း နည်းပြသစ် မက်ကလာရင်က လီဗာပူးအသင်းခေါင်းဆောင် စတီဗင်ဂျရတ်အား အင်္ဂလန်အသင်း ဒုတိယအသင်းခေါင်းဆောင်အဖြစ် ရွေးချယ်ခန့်အပ်ထားသည်။

တယ်ရီသည် အင်္ဂလန်အသင်းအား နည်းပြမက်ကလာရင် စတင်ကိုင်တွယ်ယှဉ်ပြိုင်စေသည့် ဩဂုတ် ၁၆ရက်တွင် ဂရိအသင်းနှင့် ချစ်ကြည်ရေး ယှဉ်ပြိုင်ကစားမည့်ပွဲတွင် ပထမဆုံးအသင်းခေါင်းဆောင်အဖြစ် တာဝန်ယူယှဉ်ပြိုင် ကစားလိမ့်မည်ဖြစ်သည်။

ယုံကြည်

ဂျွန်တယ်ရီသည် အင်္ဂလန်ရှိ အကောင်းဆုံးအသင်းခေါင်းဆောင်များထဲမှ အတော်ဆုံးအသင်းခေါင်းဆောင်ဖြစ်ကြောင်း ယုံကြည်ထားသည်ဟု မက်ကလာရင်က အက်ဖ်အေဝက်ဘ်ဆိုက်သို့ ပြောကြားသည်။

တယ်ရီသည် အကောင်းဆုံးအသင်းခေါင်းဆောင်အဖြစ် အင်္ဂလန်အသင်းကို ဦးဆောင်နိုင်လိမ့်မည်ဟု ယုံကြည်ကြောင်းလည်း နည်းပြ မော်ရင်ဟိုက ထောက်ခံပြောကြားလိုက်သည်။

ပါဝင်ခဲ့

၎င်းသည် ၁၉၉၈ခုနှစ် အောက်တိုဘာလတွင် ချယ်လ်ဆီးအသင်းတွင်လည်းကောင်း၊ ၂၀၀၃ခုနှစ် ဇွန်လတွင် အင်္ဂလန်အသင်းတွင်လည်းကောင်း၊ ယူရို-၂၀၀၄ တွင် လည်းကောင်း ပါဝင်ကစားခဲ့သူဖြစ်သည်။

၂၀၀၄ခုနှစ် ဩဂုတ်လတွင် ချယ်လ်ဆီးက ၎င်းအား အသက် ၂၃နှစ်ရှိသေးသော်လည်း အသင်းခေါင်းဆောင်အဖြစ် ခန့်အပ်ခြင်းခံရသည်။

ဘက်ခမ်းကဲ့သို့ အောင်မြင်သော အသင်း ခေါင်းဆောင် ဖြစ်လိုသည့် အင်္ဂလန်အသင်း ခေါင်းဆောင်သစ် ဂျွန်တယ်ရီ၏ ဝမ်းသာပီတိ။

ဂျွန်တယ်ရီ ဦးဆောင်သော ချယ်လ်ဆီးအသင်းသည် ၂၀၀၅ခုနှစ် ဧပြီလနှင့် ၂၀၀၆ခုနှစ် ဧပြီလတို့တွင် ချယ်လ်ဆီးအသင်းအား ပရီမီယာလိဂ်ဖလားများ ဆွတ်ခူးပေးနိုင်ခဲ့သည်။ ၎င်းသည် ၂၀၀၆ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း ခြေစွမ်းပြကစားနိုင်ခဲ့သည့် နောက်တန်းကစားသမားတစ်ဦး ဖြစ်သည်။ **(အင်တာနက်)**

လှောင်ပြောင်ခံနေရသည့် စီရိုနယ်ဒို ဖြေရှင်းနိုင်မည်ဟု ရွန်နေယုံကြည်





ဂျာမနီကမ္ဘာ့ဖလားတွင် အဆင်မပြေဖြစ်ခဲ့ကြရသည့် စီရိုနယ်ဒိုနှင့် ရွန်နေတို့၏ ပုံရိပ်များ။

လန်ဒန် ဩဂုတ် ၁၁

စီရိုနယ်ဒိုသည်အင်္ဂလန်ပရိသတ်၏ ရန်လိုလှောင်ပြောင်ခံနေရခြင်းကို ပြေလည်အောင် ဖြေရှင်းနိုင်လိမ့်မည်ဟု ကမ္ဘာ့ဖလား ကွာတားဖိုင်နယ်မှ ထွက်သွားရသည့် ရွန်နေက ယုံကြည်ထားသည်။

စီရိုနယ်ဒိုသည် မန်ယူအသင်းနှင့် အောက်စဖို့ဒ်ယူနိုက်တက်အသင်းတို့ ဩဂုတ် ၈ရက်က ချစ်ကြည်ရေးပွဲ ကစားစဉ် မန်ယူအတွက် နှစ်ဂိုးသွင်းပေးခဲ့သော်လည်း အင်္ဂလန်ပရိသတ်၏ လှောင်ပြောင်မှုကို ခံခဲ့ရသည်။

နာမည်ကြီး ဘောလုံးသမားအား ယခုကဲ့သို့ လှောင်ပြောင်နေကြခြင်းကို အလွန်စိတ်ပျက်မိကြောင်း ရွန်နေက ပြောကြားသည်။ ပေါ်တူဂီသား စီရိုနယ်ဒိုသည် လွန်ခဲ့သော နှစ်နှစ်ကလည်း အင်္ဂလန်ပရိသတ်၏ လှောင်ပြောင်သရော်ခြင်းကို ခံခဲ့ရသည်။ သို့ရာတွင် ပို၍ကောင်းအောင် ကစားပြနိုင်ခဲ့၍ ပရိသတ်၏လှောင်ပြောင်ခြင်းကို ဖြေရှင်းနိုင်ခဲ့ကြောင်း ရွန်နေကဆိုသည်။ **(အင်တာနက်)**

ခွဲစိတ်ဆရာဝန်ညီလာခံကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၁

မြန်မာနိုင်ငံ ဆရာဝန်အသင်း (ဗဟို) ခွဲစိတ်ကုပညာအဖွဲ့၏ (၁၆) ကြိမ်မြောက် ခွဲစိတ်ကုဆရာဝန်များ ညီလာခံကို နိုဝင်ဘာ၂ရက်မှ၄ရက်အထိ အမှတ် ၂၄၉ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ စာတမ်းတင်သွင်းဖတ်ကြားလိုသူများသည် စာတမ်းများကို စက်တင်ဘာ၃၀ရက် နောက်ဆုံးထား၍ ခွဲစိတ်ကုပညာအဖွဲ့ မြန်မာနိုင်ငံဆရာဝန်အသင်းသို့ဆက်သွယ်ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ရန်ပုံငွေရုပ်ရှင်ပွဲ ရုပ်ရှင်မပြမီအချိန်၌ ရုပ်ရှင်ရုံတွင် ဝယ်ယူကြည့်ရှုနိုင်

ရန်ကုန် ဩဂုတ် ၁၁

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ရန်ပုံငွေရုပ်ရှင်ပွဲကို ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ သမ္မတအဆင့်မြင့်ရုပ်ရှင်ရုံ၌ ဩဂုတ်၁၃ရက်(တနင်္ဂနွေနေ့) နံနက်ဇနာရီတွင် Fire Wall ဇာတ်ကားကိုလည်းကောင်း၊ ၂၇ရက် နံနက်ဇနာရီတွင် The Myth ဇာတ်ကားကိုလည်းကောင်း ပြသမည်ဖြစ်ရာ ကြည့်ရှုအားပေးလိုသူများအနေဖြင့် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ရုံး စာပေဗိမာန်အဆောက်အအုံ(ဒုတိယထပ်) အမှတ် ၅၂၉ ကုန်သည်လမ်း ရန်ကုန်မြို့ အပြင် ယင်းနေ့များတွင် ရုပ်ရှင်မပြမီအချိန်၌ သမ္မတရုပ်ရှင်ရုံတွင် လက်မှတ်ဝယ်ယူကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ကမ္ဘာတစ်လွှား အားကစား

အွန်နရီ ၂၀၁၀ကမ္ဘာ့ဖလားပွဲနှင့်ဦးမည်နှင့် အခြားသတင်းများ

ကမ္ဘာ့ဘောလုံးအသင်းများ၏ နောက်ဆုံးဖြစ်ရပ်သတင်းများကို စုစည်းပြီး မြန်မာ့အလင်းဘောလုံး ပရိသတ်အတွက် စုစည်းဖော်ပြလိုက်ပါသည်။

စုစည်းတင်ပြသူ

မောင်မောင်မြင့်ဆွေ

အွန်နရီက ၂၀၁၀ကမ္ဘာ့ဖလားပွဲ နွှဲဦးမည်ဟုဆိုနေ

ပြင်သစ်အသင်းမှ ဇီဒန်းအနားယူသွားခဲ့သော်လည်း မိမိအနေဖြင့် ပြင်သစ်အသင်းကို ဦးဆောင်ကာ တောင်အာဖရိကတွင် ပြုလုပ်မည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲသို့ ဆင်နွှဲရန်ဆန္ဒရှိနေကြောင်း အွန်နရီက ထုတ်ဖော်ပြောကြားလိုက်သည်။

တောင်အာဖရိကတွင် ကျင်းပမည့် ၂၀၁၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲကျင်းပချိန်၌ အွန်နရီသည် အသက် ၃၂ နှစ် အရွယ် ရှိနေမည်ဖြစ်သည်။မိမိ၏ကစားအားနှင့် ခြေစွမ်းသည် နောက်ထပ်ငါးနှစ်သို့မဟုတ် ခြောက်နှစ်အထိ ထက်မြက်နေဆဲဖြစ်မည်ဟုယုံကြည်ကြောင်း အွန်နရီက ပြောကြားသည်။

အေဂျက်ဇ်မှ ထရာဘယ်စီ မန်စီးတီးသို့ပြောင်းရွှေ့

အေဂျက်ဇ်နောက်တန်းညာအစွန်လူ ထရာဘယ်စီသည် မန်စီးတီးသို့ ပြောင်းရွှေ့ကစားရေးအတွက် အပြီးသတ်ဆွေးနွေးမှုများ ပြီးဆုံးအောင်မြင်ခဲ့ပြီဟု မန်စီးတီးကလပ်အသင်းက ပြောကြားသည်။

အသက် ၂၉နှစ်အရွယ်ရှိ တူနီးရှားနောက်တန်းခံစစ်မှူး ထရာဘယ်စီသည် အေဂျက်ဇ်မှ အလွတ်ပြောင်းရွှေ့မှုဖြင့် မန်စီးတီးသို့ ရောက်ရှိလာခြင်းဖြစ်သည်။

ထရာဘယ်စီသည် မန်စီးတီးသို့ အလွတ်ပြောင်းရွှေ့ခဖြင့်ရောက်ရှိလာသည့် တစ်ဦးတည်းသော ဘောလုံးသမားလည်းဖြစ်သည်။ ထရာဘယ်စီသည် အေဂျက်ဇ်တွင် ခြေစွမ်းပြကစားနိုင်ခဲ့သူဖြစ်ပြီး တူနီးရှားအသင်းနှင့်အတူ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ သုံးကြိမ်ကစားခဲ့သူလည်းဖြစ်သည်။ တူနီးရှားအသင်းခေါင်းဆောင်အဖြစ် ၅၉ပွဲ တာဝန်ယူခဲ့သူဖြစ်သည်။

ဝက်စ်ဘရွန်းဂိုးသမား တိုမက်ကက်ဇက်အား မန်ယူခေါ်ယူ

ပိုလန်အသင်း ဂိုးသမားနှင့် ဝက်စ်ဟမ်းအသင်း ဂိုးသမားဖြစ်သူ တိုမက်ကက်ဇက်အား မန်ယူကလပ်က တစ်နှစ်အငှားစာချုပ်ဖြင့် ခေါ်ယူလိုက်ပြီဖြစ်သည်။

အသက် ၂၄ နှစ်အရွယ်ရှိ တိုမက်ကက်ဇက်သည် မန်ယူတွင် အစွမ်းပြကစားနိုင်လျှင် အပြီးသတ် စာချုပ်ချုပ်ရန် ကြိုးစားမည်ဟု ဖာဂူဆန်က ပြောကြားလိုက်သည်။

ပွဲပေါင်း ၃၀ ကျော်

တိုမက်ကက်ဇက်သည် ဘွန်ဒက်စ်လီဂါကလပ် ဟာသာဘာလင်မှ ၂၀၀၄ခုနှစ်၌ ဝက်စ်ဘရွန်းအသင်းသို့ ရောက်ရှိလာသူဖြစ်ပြီး ပရီမီယာလိဂ်ပွဲပေါင်း ၃၀ ကျော် ပါဝင်ကစားခဲ့ပြီးသူ ဖြစ်သည်။



မန်ယူအသင်းလက်ထောက်နည်းပြ ကာလို့စ်ကွီရော့ဇ် ပေါ်တိုနည်းပြအဖြစ်ရောက်ရှိဖွယ်

မန်ယူအသင်းနည်းပြ ဖာဂူဆန်နှင့် တွဲလုပ်နေသော လက်ထောက်နည်းပြကာလို့စ်ကွီရော့ဇ်အားပေါ်တူဂီကလပ် ပေါ်တိုအသင်း နည်းပြအဖြစ်ဆောင်ရွက်ရန် ကမ်းလှမ်းမှုများပြုလုပ်လျက်ရှိရာ ပေါ်တိုနည်းပြအဖြစ်ရောက်ရှိရေး နီးစပ်နေပြီဖြစ်သည်။

ပေါ်တိုအသင်းအနေဖြင့် နည်းပြလစ်လပ်လျက်ရှိရာ မန်ယူလက်ထောက်နည်းပြကာလို့စ်အား နည်းပြတာဝန်ယူရန် ဆက်သွယ်မှုများပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ပြောင်းရွှေ့ဖြစ်ပါက ယူရိုငွေ ၁ဒသမ၈သန်းအား မန်ယူသို့ ပေးရမည်ဖြစ်သည်။

ပေါ်တိုအသင်းသည် လောလောဆယ်တွင် အင်္ဂလန်၌ခြေစမ်းပွဲကစားရန် ရောက်ရှိနေရာ ကာလို့စ်နှင့်အပြီးအပြတ် ဆွေးနွေးမည်ဖြစ်သည်။ ပေါ်တိုကလပ်သည် ကာလို့စ်နှင့်အဆင်မပြေပါက အာဂျင်တီးနားအသင်းနည်းပြဟောင်း ဂျို့ပီကာမင်နှင့် စပိန်နည်းပြဟောင်း ဂျို့အင်တိုနီယိုကမာချိုတို့နှင့် ဆက်သွယ်မည်ဖြစ်သည်။

ယွန်းဘတ် ဆွီဒင်အသင်းခေါင်းဆောင်အဖြစ် တာဝန်ယူမည်

အာဆင်နယ် ကွင်းလယ်ကစားသမားဖြစ်သူ ယခုနှစ် ဆွီဒင်နိုင်ငံ၏ အကောင်းဆုံး ဘောလုံးသမားဆုရ ယွန်းဘတ်အနေဖြင့် ဆွီဒင်အသင်းခေါင်းဆောင်အဖြစ် တာဝန်ယူမည်ဖြစ်သည်။

ယွန်းဘတ်အား အက်ဖ်စီကိုပင်ဟေဂင်တွင် ကစားနေသော တိုဘတ်စ်လင်ဒါရို့ဒ်၏ခေါင်းဆောင်နေရာတွင် အစားထိုးတာဝန်ပေးမည်ဖြစ်ကြောင်း ဆွီဒင်ဘောလုံးအသင်းနည်းပြ လာဂါဘတ်က ပြောကြားလိုက်သည်။

ယွန်းဘတ်သည် ဩဂုတ် ၁၆ ရက်တွင် ချစ်ကြည်ရေးခြေစမ်းပွဲအဖြစ် ဂျာမနီအသင်းနှင့် ကစားရာ၌ အသင်းခေါင်းဆောင်အဖြစ် တာဝန်ယူရမည်ဖြစ်သည်။ **(အင်တာနက်)**

ဆုချီးမြှင့်

မင်္ဂလာဒုံမြို့နယ် အလက(၄)တွင် ကျင်းပသော ၂၀၀၅-၂၀၀၆ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲ၌ ဒုတိယတန်းတွင် ဘာသာရပ်ထူးချွန်ဆု၊ သိပ္ပံဘာသာတွင်တတိယဆုရရှိသူ မောင်မျိုးမြင့်မြတ်အား ကျောင်းအုပ်ဆရာကြီး ဦးတင်ထူးက ဆုချီးမြှင့်စဉ်။ (က-ပ)

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်

ပထမနှစ်သင်တန်း ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် တက်ရောက်ပညာသင်ကြားခွင့်ရရှိရန်အတွက် ၂၀၀၆ခုနှစ်တွင် တက္ကသိုလ်ဝင် စာမေးပွဲအောင်မြင်သူများ လျှောက်ထားနိုင်သည်။

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) မြန်မာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒဘာသာတွဲဖြင့် တက္ကသိုလ်ဝင်တန်း အောင်မြင်သူဖြစ်ရမည်။

၃။ လျှောက်လွှာများကို ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ ကျောင်းသားရေးရာဌာနနှင့် မိမိတို့နှင့် နီးစပ်ရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ်/တိုင်းမြို့နယ်ရုံးများတွင် အခမဲ့ရယူနိုင်ပါသည်။

၄။ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ဝင်ခွင့်အတွက် လျှောက်လွှာများကို သတ်မှတ်ပုံစံတွင်ဖြည့်စွက်၍ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြောင်း ထောက်ခံစာနှင့်အတူ ဤတက္ကသိုလ် ကျောင်းသားရေးရာဌာနသို့ ၂၀၀၆ခုနှစ် ဩဂုတ်လ ၂၈ရက် နောက်ဆုံးထား၍ တိုက်ရိုက် ပေးပို့လျှောက်ထားရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံသော လျှောက်လွှာများကိုသာ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုခွင့်ပြုမည်။ ဝင်ခွင့်စာမေးပွဲဖြေဆိုရန် လာရောက်ချိန်တွင် အမှတ်စာရင်း တင်ပြရမည်။

၆။ အရည်အချင်းစစ်စာမေးပွဲကို ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် နေပြည်တော် စာစစ်ဌာနတွင် အောက်ဖော်ပြပါအတိုင်း ဖြေဆိုကြရမည်။

(က) အင်္ဂလိပ်စာ နှစ်နာရီမေးခွန်း ၂၀၀၆ခုနှစ် စက်တင်ဘာလ ၇ရက်

(ခ) ဇီဝဗေဒ သုံးနာရီမေးခွန်း ၂၀၀၆ခုနှစ် စက်တင်ဘာလ ၈ရက်

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် ဤတက္ကသိုလ်တွင် လူတွေ့နှုတ်မေး အစစ်ဆေးခံရမည်။

၈။ ဤတက္ကသိုလ်သို့ တက်ရောက်ခွင့်ရရှိသူများ၏အမည်စာရင်းကို အချိန်မီ ထုတ်ပြန် ကြေညာပေးမည်။

၉။ သတ်မှတ်ထားသည့် အချက်အလက်များကို တိကျပြည့်စုံစွာ ဖော်ပြခြင်းမရှိသော လျှောက်လွှာများ၊ မမှန်မကန် ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၁၀။ အသေးစိတ်သိရှိလိုပါက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ ရေဆင်း၊ နေပြည်တော် (ဖုန်း-၀၆၇-၄၁၆၅၁၂၊ ၄၁၆၅၁၃)သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဘဒ္ဒန္တ ဝေပုလ္လ၏ ဝိဇာတမွေးနေ့နှင့် သိက္ခာထပ်မင်္ဂလာကျင်းပ

ပဲခူးတိုင်း(အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌနှင့်ဇနီး ဝတ္ထုပစ္စည်းများဆက်ကပ်

ရန်ကုန် ဩဂုတ် ၁၁

ပဲခူးတိုင်း (အနောက်ပိုင်း) သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ပြည်မြို့ ဝေပုလ္လာရာမကျောင်းတိုက်၏ ဦးစီးပဓာန နာယကဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝေပုလ္လ၏ သက်တော်(၆၃)နှစ်ပြည့် ဝိဇာတမွေးနေ့အလှူတော်မင်္ဂလာနှင့် (၇၉)ကြိမ်မြောက် သိက္ခာထပ်မင်္ဂလာ အခမ်းအနားကို ဩဂုတ် ၈ရက်တွင် ယင်းကျောင်းတိုက်ကြီး၏ စိန္တာမယသိဒ္ဓိ ဗိမာန်တော်ကြီး၌ ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပြည်မြို့ ဇောတိကာရုံ ပါဠိတက္ကသိုလ် ကျောင်းတိုက်၏ ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ကုဏ္ဍလဇောတိ အမှူးပြုသော ဆရာတော် သံဃာတော်အပါး ၁၂၀တို့ ကြွရောက်တော်မူကြပြီး ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းနှင့် အဖွဲ့ဝင်များ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ အလှူရှင်မိသားစုများနှင့် ပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် သက်တော်ရှည် ဆရာတော်ကြီး ငါးပါးတို့အား မဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝေပုလ္လက လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ပဲခူးတိုင်း (အနောက်ပိုင်း) သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ထံမှ ဩွဒ်ပရိသတ်တို့က ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး (အနောက်ပိုင်းတိုင်းခွဲ) ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းနှင့် ဇနီးနှင့် တာဝန်ရှိသူများ၊အလှူရှင်များက ဘဒ္ဒန္တ ဝေပုလ္လအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြပြီး ဘဒ္ဒန္တ ဝေပုလ္လက အနုမောဒနာတရား ချီးမြှင့်တော်မူသည်။

အမျှဝေ

ယင်းနောက် မဟာသုဒဿနာရာမ ကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ သေဋ္ဌိလက ရေစက်ချတရား ချီးမြှင့်တော်မူပြီး ဩွဒ်ပရိသတ်တို့က လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

တက်ရောက်ကြည်ညို

ဆက်လက်၍ (အနောက်ပိုင်းတိုင်းခွဲ) ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းနှင့် အဖွဲ့ဝင်များသည် ရွှေတောင်မြို့နယ် မယားမာန်ကျေးရွာအုပ်စုရှိ ငါးဆူတောင် ဓမ္မရိပ်သာကျောင်းတိုက်၏ ဦးစီးပဓာနနာယက နယ်လှည့်သာသနာပြု မဲ့ရှင်ဆရာတော် ဘဒ္ဒန္တ ခေမာစာရ၏ သက်တော် (၆၈)နှစ်ပြည့် ဝိဇာတမွေးနေ့ အလှူတော်မင်္ဂလာ အခမ်းအနားသို့ တက်ရောက်ကြည်ညိုကြသည်။

ထို့နောက် ဘဒ္ဒန္တ ခေမာစာရ ၏ကိုယ်စား(အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းနှင့် တာဝန်ရှိသူများက သက်တော်ရှည် ဆရာတော်ကြီး လေးပါးတို့အား ဝတ္ထုငွေကျပ်တစ်သိန်းစီနှင့် လှူဖွယ် ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ရေစက်ချ

ယင်းနောက် ဘဒ္ဒန္တအဂ္ဂဝံသက ရေစက်ချအနုမောဒနာတရား ချီးမြှင့်တော်မူပြီး ဩွဒ်ပရိသတ်တို့က လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် သာဓုပရိယတ္တိစာသင်တိုက်ရှိ ရွှေညာဝါ ပညာ့ဗိမာန် ကျောင်းတော်ကြီး အမိုးအတွက် အလှူရှင် ဦးသန်းဝင်း - ဒေါ်ဟံသာအေး မိသားစုက ဒုတိယအကြိမ် အလှူငွေကျပ်သိန်း ၁၅၀ကို ဆရာတော် ဘဒ္ဒန္တ ပညာသီဟနှင့် ရန်ကုန်ဗုဒ္ဓတက္ကသိုလ် အကျိုးတော်ဆောင် အရှင်တေဇာနန္ဒ တို့ထံ လာရောက်လှူဒါန်းရာ ရွှေညာဝါကပ္ပိယကာရကတစ်ဦးက လက်ခံယူစဉ်။

(က-ပ)

Sheng Da Development Ltd. ၏

၂၀၀၆ မုန့်နည်းပညာသစ် ရှင်းလင်းပြသပွဲနှင့်

El Dorado Bake House ၏

မုန့်အသစ်အဆန်း မိတ်ဆက်ကြေညာ

အမြည်းပေးပွဲနှင့်ထုတ်လုပ်ရောင်းချပွဲ

ကြက်ဥမပါ၊ အသားသက်လွတ်ကိတ်မုန့်၊
ပေါင်မုန့်နှင့် Cookie မျိုးစုံပါဝင်သည်။

နေ့ရက် - ၁၈-၈-၂၀၀၆
အချိန် - 08;00 AM - 12;00 Noon
နေရာ - El Dorado Bake House
အမှတ် ၄၊ ဝေဇယန္တာလမ်း၊ သဃ်န်းကျွန်း၊

ဖုန်း-၅၆၁၃၀၈၊ ၅၆၁၀၅၈၊ ၅၆၀၅၈၀
မုန့်နည်းပညာ စိတ်ဝင်စားသူများ
အခမဲ့ လာရောက်လေ့လာနိုင်ပါသည်။

မင်္ဂလာဆုမွန်လွှာ

ရဲမင်းဋွေး (ခေတ္တ-USA)နှင့် **အိမ့်မွန်ဖြူ(ခ)ယမုံနာဦး** (ခေတ္တ-USA)တို့၏ ၂၅-၇-၂၀၀၆ရက် လက်ထပ်မင်္ဂလာ ရက်မြတ်မှစ၍ အောင်မြင်အေးချမ်းသာယာသော ဘဝခရီးကို မခွဲအတူ ပျော်ရွှင်စွာ လက်တွဲနိုင်ပါစေ။

အန်တီ - အန်တီထွေး(ဘောင်းနို့ဆီ)

အစ်မများ - မသော်၊ မနီ၊ မသီ၊ မပေါက်၊ ခိုင်ခိုင်။

အမည်ဖြည့်စွက်ခေါ်ပါရန်

နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၁၂/ဥကမ(နိုင်) ၁၁၇၀၂၃ ကိုင်ဆောင်သူအား ဦးမောင်မြင့်(ခ)ဦးခင်မောင်မြင့်ဟု ဖြည့်စွက်ခေါ်ဆိုပါရန်။ **ဦးမောင်မြင့်(ခ)ဦးခင်မောင်မြင့်။**

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၃၅၁၃၄ ဟွန်ဒါ C°90°H Custom မော်တော်ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ အမည် ဒေါ်သီတာကြည် မှတ်ပုံတင်အမှတ် ၁၃/လရန(နိုင်) ၀၁၄၂၁၁က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညနပြည်နယ်ရုံး(လားရှိုး)။**

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၉၉၃၅၈၊ ယမဟာ DT-၁၂၅ မော်တော်ဆိုင်ကယ်ယာဉ် လက်ဝယ်ရှိသူ အမည် ဦးမင်းမင်းထက် မှတ်ပုံတင်အမှတ် ၁၃/လရန(နိုင်) ၀၈၁၆၉၆က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညနပြည်နယ်ရုံး(လားရှိုး)။**

မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း

မန္တလေး ဩဂုတ် ၅

မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့နှင့် မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့တို့ပူးပေါင်း၍ မန္တလေးစက်မှုဇုန်ရှိ မေတ္တာရှင်ဆေးရုံ၏ ခြောက်နှစ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ဩဂုတ် ၄ ရက် နံနက် ၁၀ နာရီက အဆိုပါ ဆေးရုံ၌ ကျင်းပသည်။

သီလခံယူ

အခမ်းအနားတွင် မုံရွေးကျောင်းတိုက်ဆရာတော်ထံမှ တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တက်ရောက်လာသူများက ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော်သံဃာတော်များက ပရိတ်တရားတော်များ ချီးမြှင့်တော်မူပြီး တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းနှင့် အဖွဲ့ဝင်များက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းကြသည်။**(အပေါ်ယာပုံ)**

ထို့နောက် မုံရွေးကျောင်းတိုက်ဆရာတော်က အနုမောဒနာနှင့်ရေစက်ချတရားချီးမြှင့်တော်မူပြီး ဆရာတော်သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လှိုင်းဘွဲမြို့ မြို့မဈေးတွင် ဇူလိုင် ၁ ရက်က မြို့နယ်စည်ပင်သာယာရေးဝန်ထမ်းများ၊ နယ်မြေခံတပ်နယ်မှ တပ်မတော်သားများ၊ လူမှုရေးအသင်းအဖွဲ့များ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးတင်မောင်ညွန့် ကြည့်ရှုအားပေးစဉ်။ (မြို့နယ် စည်ပင်)

ဝါဆိုသင်္ကန်းကပ်လှူပွဲ သထုံမြို့၌ကျင်းပ

သထုံ ဇူလိုင် ၃၀

ပထမအကြိမ် သာသနပါလ ဓမ္မာစရိယ စာဝါသင်တန်းဖွင့်ပွဲနှင့် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ဇူလိုင် ၁၇ ရက်မွန်းလွဲ ၁ နာရီက သထုံမြို့ ဘူးဘုရား ပရိယတ္တိသန္တိသုခဓမ္မာစရိယဓမ္မာရုံတွင် ကျင်းပသည်။

အခမ်းအနားသို့ ဓမ္မာစရိယ သင်တန်းဖြစ်မြောက်ရေး ဩဝါဒါစရိယ ဆရာတော်များ၊ နာယကဆရာတော်များ၊ကြီးကြပ်ရေးအနုနာယကဆရာတော်များ၊ အနုနာယိကာသီလရှင်ဆရာကြီးများ၊ သောတုဇနာသီလရှင် ဆရာလေးများနှင့် အလှူရှင်ဒါယကာ ဒါယိကာမများ တက်ရောက်ကြသည်။

ထို့နောက် အလှူရှင်များက သာသနပါလ ဓမ္မာစရိယစာဝါသင်တန်း၏ဩဝါဒါစရိယဂဏ္ဌဝါစက ဆရာတော် ၃၅ ပါးနှင့် သင်တန်းတက်ရောက်ကြမည့် ရဟန်းတော် ၄၈ ပါးတို့အား ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဆရာတော်များ၊ ကြီးကြပ်ရေးသီလရှင်ဆရာကြီးများ၊ သင်တန်းတက်ရောက်ကြမည့် ရဟန်းတော်များနှင့် သီလရှင်များအား စာရေးတံမဲဖောက်လှူဒါန်းခဲ့ကြောင်းသိရသည်။ **(ခရိုင် ပြန်/ဆက်)**

ပဲခူးတိုင်း ရေတာရှည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့တွင်း ရေစီးရေလာ ကောင်းမွန်စေရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများဖြင့် ဩဂုတ် ၃ ရက်က ရေနုတ်မြောင်းများ ရှင်းလင်းဆောင်ရွက်မှုကို အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ် စည်ပင်)

ကွင်းဆင်းကြည့်ရှု

ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ၂၀၀၆-၂၀၀၇ခုနှစ် ဘဏ္ဍာရေးနှစ်မှ စ၍ဆောင်ရွက်မည့် မင်းပြားမြို့ ရေပေးဝေရေးအတွက် ရေအရင်းအမြစ်ရယူမည့် ဂရင်ဂျိုင်ဆည်ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဘုန်းမောင်က ရှင်းလင်းစဉ်။ (မြို့နယ် စည်ပင်)

ဆီဆိုင်မြို့နယ်၌ မိုးစပါးစုပေါင်းစိုက်ပျိုး ကောက်ကွက် ပြည့်မီရေးရှင်းလင်း

ဆီဆိုင် ဩဂုတ် ၄

ရှမ်းပြည်နယ် တောင်ကြီးခရိုင်ဆီဆိုင်မြို့နယ်တွင် မိုးစပါးစံပြဧက ၁၀၀ စုပေါင်း စိုက်ပျိုးပွဲအခမ်းအနားကို ဇူလိုင် ၃၀ ရက် နံနက် ၈ နာရီက ဘန်းယဉ်ကျေးရွာအုပ်စု ဘန်းယဉ်မိုးစပါးစံပြစိုက်ကွင်း၌ ကျင်းပသည်။

စိုက်ပျိုး

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးခိုင်ထွန်းက မြို့နယ်အတွင်း မိုးစပါးစံပြကွက်များ စိုက်ပျိုးရခြင်း ရည်ရွယ်ချက်နှင့် မိုးစပါးဧကကောက်ကွက်ပြည့်မီအောင် စိုက်ပျိုးရေးရှင်းလင်းပြောကြားပြီး ကျေးရွာများမှ ကောက်စိုက်အဖွဲ့ ၁၄ ဖွဲ့က မိုးစပါးစံပြဧက ၁၀၀ ကို စုပေါင်းစိုက်ပျိုးကြသည်။

ချီးမြှင့်

ဆက်လက်၍ စံပြဧက ၁၀၀ စိုက်ပျိုးပြီး မြို့နယ်ဥက္ကဋ္ဌ ဦးခိုင်ထွန်းနှင့် တာဝန်ရှိသူများက ကောက်ကွက်ပြည့်မီအောင် စိုက်ပျိုးကြသည့် ကောက်စိုက်အဖွဲ့များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။ **(အောက်ပုံ)**

ဆီဆိုင်မြို့နယ်တွင် မိုးစပါးဧက ၄၃၆၈၀ စိုက်ပျိုးရန်လျာထားပြီး လယ်စပါး ၁၄၃၃၉ ဧက၊ယာစပါး၂၃၅၄၆ဧကနှင့်တောင်ယာစပါးဧက ၇၅၀ စုစုပေါင်းမိုးစပါး ၃၈၆၃၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်းသိရသည်။ **(မြို့နယ်ပြန်/ဆက်)**

စာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေး ရေဒီယိုကက်ဆက်လှူဒါန်းပွဲ ပြည်မြို့၌ကျင်းပ

ပြည် ဩဂုတ် ၁

ပြည်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည်စာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲနှင့် ရေဒီယိုကက်ဆက် လှူဒါန်းပွဲကို ဇူလိုင် ၂၄ ရက်မွန်းလွဲ ၁နာရီက ပြည်မြို့ မြွေရိုးကျေးရွာအုပ်စုမိမ္မရဲကျေးရွာအောင်နိုင် စာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဒုတိယဦးစီးမှူး ဦးအောင်ကိုသန့်က စာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပြီး မြွေရိုးကျေးရွာအတွက် ငွေကျပ် ၁၀၅၀၀၀တန်ဖိုးရှိ ရေဒီယိုကက်ဆက်တစ်လုံးကို ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးညီသန်းထံ ပေးအပ်လှူဒါန်းသည်။ **(ခရိုင် ပြန်/ဆက်)**

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ခုနှစ်
(ဝါခေါင်လပြည့်ကျော် ၅ ရက်)
၁၃-၈-၂၀၀၆
(တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ အင်္ဂုလိမာလသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

- ၁၀း၀၀ သုတစုံစွာ သိမှတ်စရာ (အာရှတိုက်ရဲ့ ရောဂါ-သိပ္ပံမှူးတင်)
- ၁၁း၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (FAME သွေးတိုးထိန်းဆေး ထုတ်လုပ်မှုအကြောင်း)(အပိုင်း-၁)
- ၁၁း၃၀ မေတို့တွက်တာ အလှကမ္ဘာ
- ၁၁း၄၅ ခံစားနားဆင် မြန်မာတေးသံစဉ်
  - (၁) မေတ္တာနဲ့သာအလှဆင်စတမ်း
  - (၂) ချစ်ပြုံးနှင်းဆီ
  - (၃) ထာဝစဉ်မောင့်ချစ်သူ
- ၁၂း၀၀ ကလေးများ၏ ပုံပြောပြိုင်ပွဲ အစီအစဉ် (သတိပြုရှောင်ရှား)
- ၁၂း၃၀ ဇာတ်လမ်းပမာနားဆင်စရာ (ကမ္ဘာပတ်၍ လမ်းလျှောက်ခြင်း)
- ၁၃း၁၀ ယဉ်ကျေးမှုအနုပညာ (ပျောက်ကွယ်နေသော ဆွမ်းဆန်ဖွပ်မောင်း တေးချင်းများ)

ညနေပိုင်း

- ၁၇း၀၀ သူ့လက်သံ (မီးသတ်ဦးစီးဌာန ချုပ်မှ ကိုခင်မောင်လွင်၏ ဂီတာလက်သံ)
- ၁၇း၁၅ မြန်မာ့မူဟန်ဇာတိမာန် ဟောပြောချက် (အရဏ်ဦး၏ တေးသံလေးများ- တက္ကသိုလ်ညိုသန့်)
- ၁၇း၃၀ တေးရေးသူအကြိုက် (ဂီတစာဆိုမောင်မောင်လေး)
- ၁၈း၄၅ အာယုနှင့် သာဓုဆွေးနွေးခန်း
- ၁၉း၁၅ မြန်မာမှု မြန်မာ့ဝလေ့အစီအစဉ် (ဇာတ်မင်းသားကြီး ဦးဖိုးစိန်နှင့် ရွှေကျီးညိုဇာတ်အဖွဲ့၏ ၁၂ လ ရာသီဘွဲ့)
- ၂၀း၃၀ အင်္ဂလိပ်စကားပြောကြမယ် English Lesson °Working Knowledge
- ၂၀း၄၀ ခံစားနားဆင် မြန်မာတေးသံစဉ်
  - (၁) ကျိန်စေချင်ကျိန်ပါ့မယ်
  - (၂) လွမ်းအိပ်မက်က သံသရာရှည်
  - (၃) သူနဲ့ကျမှ ဝင့်လည်တယ်ရှင်

ရေစက်ရုံ

ထားဝယ်မြို့ မင်္ဂလာမျှော်အင်းကန်တွင် ရေစက်ရုံနှင့် ရေပေးရေးလုပ်ငန်းများ အချိန်မီ ပြီးစီးရန် ဇူလိုင် ၂၈ ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်သန်းနှင့် အငယ်တန်း အင်ဂျင်နီယာ(၂) ဦးခင်မောင်တင့်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ် စည်ပင်)

မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ မြို့သာယာလှပရေးအတွက် ဩဂုတ် ၅ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဉည့်ရိပ်သာရှေ့၌ မြေယာရှုခင်းအလှ ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးနှင့် အင်ဂျင်နီယာမှူး ဦးထင်လင်းကျော်တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ် စည်ပင်)

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကိုပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ
(နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥပဒေ အမှတ် ၇/၂၀၀၆)
၁၃၆၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၃ ရက်
(၂၀၀၆ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၂တွင် ပါရှိသော–

(က) ပုဒ်မခွဲ (င) ကို အောက်ပါအတိုင်း အစားထိုးရမည်–

"(င) **ဒေသဆိုင်ရာ လုပ်ငန်းကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ လုပ်ငန်းကော်မတီက ဖွဲ့စည်းသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဒေသဆိုင်ရာ လုပ်ငန်းကော်မတီကို ဆိုသည်။"

(ခ) ပုဒ်မခွဲ (င)၏ နောက်တွင် ပုဒ်မခွဲ (စ)ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်–

"(စ) **ဝန်ကြီးဌာန** ဆိုသည်မှာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနကို ဆိုသည်။"

၃။ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ၇၊ ပုဒ်မခွဲ(ဓ)ကို အောက်ပါအတိုင်း အစားထိုးရမည်–

"(ဓ) ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက်ခြင်း၊"

၄။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ၉ ကို အောက်ပါအတိုင်း အစားထိုးရမည်–

"၉။ ဝန်ကြီးဌာနသည် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များထံမှ အကူအညီရယူ ဆောင်ရွက်နိုင်သည်။"

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

မမြ ရေလှောင်တမံ စီမံကိန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီး ဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း မြန်အောင်မြို့နယ် မမြ ရေလှောင်တမံစီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း မြန်အောင်မြို့နယ် လယ်မြေဧက ၁၀၀၀၀ ကို ရေပေးသွင်းနိုင်မည့် မမြ ရေလှောင်တမံစီမံကိန်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေးမှာကြား

နေပြည်တော် ဩဂုတ် ၁၁

ဧရာဝတီတိုင်း ပုသိမ်မြို့၌ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဩဂုတ် ၉ရက် နံနက်ပိုင်းတွင် ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်၌ ကျင်းပသည့် ဧရာဝတီတိုင်း ၂၀၀၆–၂၀၀၇ခုနှစ် မိုးစပါး ရေတော်မိုးတော်ထွန်တုံးပိတ်ပွဲနှင့် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲသို့ တက်ရောက်ခဲ့ပြီး ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် အဖွဲ့ဝင်များလိုက်ပါ၍ ရေကြည်မြို့ ဗထူးရပ်ကွက် ၄လမ်းရှိ ဦးခင်စန်း၏ ရွှေအိုးကြီး ကြိမ်နှင့်ဝါး အိမ်သုံးနှင့် လူသုံးကုန်ပရိဘောဂ လက်မှုလုပ်ငန်းသို့ရောက်ရှိ၍ လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုအားပေးရာ လုပ်ငန်းရှင် ဦးခင်စန်းက ပြည်တွင်းပြည်ပမှ အမှာလွှာပေါ်မူတည်၍ ကြိမ်ထည်ပရိဘောဂများ ထုတ်လုပ်မှု၊ ရေကြည်မြို့ပေါ်ရှိ တစ်ပိုင်တစ်နိုင် မိသားစု ကြိမ်ထည်ပစ္စည်း ထုတ်လုပ်သူများကို အပ်ထည်ပေး ဆောင်ရွက်မှုနှင့် ကုန်ကြမ်းရရှိမှုများကို ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၈ ကော်လံ ၁

မြန်မာ့အလင်း သတင်း ဆောင်းပါး အညွှန်း

တည်ငြိမ်ခံ့ညားသော လက်ရာ၊ ခံ့ထည်သော ပန်းချီကားများမှာ ပြခန်းအတွင်း လှမ်းဝင်လိုက်သည်နှင့် စိတ်အာရုံကို ဖမ်းစားလိုက်ပြီဖြစ်။ အရောင်အသွေးစုံစုံ၊ အသွင်အပြင် ဆန်းဆန်းဖြင့် လက်စွမ်းပြထားသော ပန်းချီကားတိုင်းမှာ မြန်မာ့ပန်းချီဆရာတို့၏ မနိမ့်သော လက်ရာကို ဖော်ကျူးလှစ်ဟလျက်ရှိ။

မောင်မောင်မြင့်ဆွေ၏
စိတ်အာရုံခံစားမှုရသ အပြည့်အဝ ပေးစွမ်းနိုင်သည့် "မရမ်းကုန်းမြို့နယ် ပန်းချီပြပွဲ"သို့ တစ်ခေါက် (စာ–၇)

ရေတွင်းထဲမှ
လူ့အသက်
တစ်ချောင်း
နည်းစနစ်
မှန်ကန်စွာ
ကယ်တင်တတ်ရန်
အရေးကြီး

မြင့်မောင်စိုး၏
သတင်းဆောင်းပါး(စာ–၆)

ဩဂုတ် ၁၁ ရက်၌ မိုးရွာသွန်းလေသမျှ

နေပြည်တော်	၀ ဒသမ ၉၉ လက်မ	ပဲခူး	၂ ဒသမ ၁၆ လက်မ
ထားဝယ်	၅ ဒသမ ၆၇ လက်မ	ရန်ကုန်(ကမ္ဘာအေး)	၂ ဒသမ ၀၀ လက်မ
ရေးမြို့	၃ ဒသမ ၆၁ လက်မ	ရွှေကျင်	၁ ဒသမ ၉၇ လက်မ
ကိုကိုးကျွန်း	၂ ဒသမ ၇၃ လက်မ	ရန်ကုန်(မင်္ဂလာဒုံ)	၁ ဒသမ ၇၉ လက်မ
မော်လမြိုင်	၂ ဒသမ ၀၅ လက်မ	ပုသိမ်	၁ ဒသမ ၇၅ လက်မ